mgyoe.com
SAMPLE BOOK

# သိန်းဖေမြင့်

## ဝိုးတာဝါးပါရီနှင့် ငြိမ်းချမ်းရေးခရီးသည်

ဒုတိယအကြိမ်




photo by chalo gallardo - unsplash

mgyoe.com

mgyoe.com
SAMPLE BOOK

၁၉၅၇ ခုနှစ်တွင်
အင်္ဂလန်အစိုးရက ဖိတ်ကြားခြင်းပြုသဖြင့်
မြန်မာပါလီမန်အမတ်အဖွဲ့ ဘိလပ်သို့
သွားရောက်ခဲ့ကြရာ
ပါလီမန်အမတ်တစ်ဦးသာမဟုတ်၊
စာရေးဆရာကျော်တစ်ဦးလည်းဖြစ်သော
ဘုတလင်အမတ် ဦးသိန်းဖေမြင့်က
သူ၏အမြင်အတွေ့ကို ပြည်တော်ရိုးသတင်းစာတွင်
ငြိမ်းချမ်းရေးခရီးသည်ဆောင်းပါး၊
ကြေးမုံတွင် ဝိုးတဝါးပါရီဆောင်းပါးအဖြစ်
နေ့စဉ် ရေးသားဖော်ပြခဲ့လေသည်။
မည်သူ့အမြင်နှင့်မျှမတူ တစ်မူထူးခြားလျက်ရှိပြီး
ပွင့်ပွင့်လင်းလင်း စေ့စေ့စပ်စပ် ရှိလှပေသည်ဟု
မှတ်ချက်ပြုခံရသည့်
ခရီးသွားဆောင်းပါး ၂ ပုဒ်စုစည်းခြင်း။



ISBN9789997137128
9 789997 137128
MMK 6,500.00

mgyoe.com

photo by reza madani - unsplash

mgyoe.com
SAMPLE BOOK
mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ကူးချိုချိုစာအုပ်

# ဝိုးတဝါးပါရှိနှင့် ပြိမ်းချမ်းရေးခရီးသည်

## သိန်းဖေမြင့်

တတိယအကြိမ်၊ ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK


ဗိုးတာဝါးပါရှိနှင့် ငြိမ်းချမ်းရေးခရီးသည်၊ သိန်းဇေမြင့်
စာမျက်နှာ ၁၇၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၂၅၊ ဧပြီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၁၁၊ စိတ်ကူးချိုချိုစာပေ၏ ဒုတိယအကြိမ်မှ
[ပထမအကြိမ်- ၁၉၆၅၊ စိန်တင်စာပေရိပ်မြုံ]

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com SAMPLE BOOK




၁၉၆၅၊
စိန်တင်စာပေရိပ်မြုံ၏
ပထမအကြိမ်ထုတ်
မျက်နှာဖုံး

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## ဤစာအုပ်

၁၉၅၇ ခုနှစ်အတွင်းက အင်္ဂလန်အစိုးရက ဖိတ်ကြားခြင်းပြုသဖြင့် မြန်မာပါလီမန်အမတ်အဖွဲ့သည် ဘိလပ်သို့ ဘုရင့်အစိုးရ ဧည့်သည်တော်အဖြစ် သွားရောက်ခဲ့ကြသည်။

ထိုအဖွဲ့တွင် ဘုတလင်အမတ် ဦးသိန်းဖေမြင့်လည်း ပါဝင်၏။

ဦးသိန်းဖေမြင့်မှာ ပါလီမန်အမတ်တစ်ဦးသာမဟုတ်၊ စာရေးဆရာကျော်တစ်ဦးလည်းဖြစ်၍ သူ၏အမြင်အတွေ့ကို ပြည်တော်စိုး သတင်းစာတွင် **ငြိမ်းချမ်းရေးခရီးသည်** ဆောင်းပါး၊ ကြေးမုံတွင် **ဝိုးတဝါးပါရီ** ဆောင်းပါးအဖြစ် နေ့စဉ် ဖော်ပြခဲ့လေသည်။

ဦးသိန်းဖေမြင့်၏ ဒေသန္တရ ဗဟုသုတဆောင်းပါးမှာ မည်သူ့အမြင်နှင့်မျှမတူ တစ်မူထူးခြားလျက်ရှိပြီး ပွင့်ပွင့်လင်းလင်း စေ့စေ့စပ်စပ် ရှိလှပေသည်။ မှတ်သားထိုက်လှပေသည်။

ဤသို့ တန်ဖိုးရှိလှသော ဆောင်းပါးမှာ သတင်းစာတွင် တိမ်မြုပ်ပျောက်သွားခြင်းငှာ မသင့်ဟု ယူဆမိ၍ စာရေးဆရာ

mgyoe.com

mgyoe.com SAMPLE BOOK



ထံ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေခွင့်ပြုရန် ပန်ကြားသဖြင့် **ဤစာအုပ်** ထွက်ပေါ်လာရခြင်း ဖြစ်ပါသည်။

စာဝါသနာအိုးများ ဦးသိန်းဖေမြင့်၏ အမြင်ကို ရှုကြည့်လေ့လာကြပါကုန်။

**ထုတ်ဝေသူ**
(ပထမအကြိမ်ထုတ်မှ)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

ငြိမ်းချမ်းရေး ခရီးသည်
– အခွင့်ကောင်းတစ်ခု ၁၃
– သီးသန့်၍ထား၏ ၁၄
– ရန်ကုန်မှ ကရာချိ ၁၄
– ပါသွားသူထဲတွင် ၁၄
– အကျွေးအမွေး ၁၅
– တာဝန်မဲ့မဟုတ် ၁၅
– အာရှ–အာဖရိက ကွန်ဖရင့် ၁၆
– ကျွန်တော့်ဆရာ ၁၆
– လက်ဆောင် ၁၆
– လှန်းဆတ်အောင် ၁၇
– နပ်ဆာတန်ခိုး ၁၇
– အီဂျစ်စီးပွားရေး ၁၈
– တိုးတက်မှုတွင် ၁၈
– တွေ့မြင်ရ၏ ၁၈

mgyoe.com

mgyoe.com SAMPLE BOOK


| | | |
|---|---|---|
| – | ခရီးကြန့်ကြာ | ၁၉ |
| – | မြန်မာ့ငွေ | ၁၉ |
| – | အရှေ့ပါကစ္စတန် | ၂၀ |
| – | ဆားပုံကြီးများ | ၂၀ |
| – | အလှဆုံး | ၂၀ |
| – | စက်ဘီး မတွေ့ရ | ၂၁ |
| – | လယ်ယာများက | ၂၁ |
| – | သုံးနာရီကျော် | ၂၁ |
| – | လန်ဒန်မြို့သို့ | ၂၂ |
| – | လန်ဒန်ရောက်ပြီ | ၂၂ |
| – | ချမ်းလှ၏ | ၂၂ |
| – | လိပ်ကမကြို | ၂၃ |
| – | ဦးအောင်စိုး လာကြိုခြင်း | ၂၃ |
| – | ညည်းသံကြားရပြီ | ၂၃ |
| – | မြန်မာတို့ဒုက္ခ | ၂၄ |
| – | တည်းခိုစခန်း | ၂၄ |
| – | အစီအစဉ် | ၂၄ |
| – | လည်ကြပြီ | ၂၅ |
| – | အံ့သြစရာ | ၂၅ |
| – | ပန်းခြံကြီး | ၂၅ |
| – | ကွန်းကြီး | ၂၅ |
| – | ကောလိပ်သို့ | ၂၆ |
| – | စိတ်ဓာတ်ကို | ၂၇ |
| – | ရုပ်ရှင်ကလည်း | ၂၇ |
| – | အဓိပ္ပာယ်မကောင်း | ၂၇ |
| – | တည်ထောင်ခဲ့သူ | ၂၇ |
| – | လေ့လာခဲ့၏ | ၂၈ |
| – | စာရေးပါ | ၂၈ |

mgyoe.com

mgyoe.com  SAMPLE BOOK


– ယူကျုံးမရ ၂၈
– ရေးမည်ဆိုလျှင် ၂၉
– ရင်းနှီး၏ ၂၉
– စာအုပ်ရှာဖွေရပုံ ၂၉
– ယဉ်ကျေးမှု၏ ၃၀
– တိရစ္ဆာန်ပင်လျှင် ၃၀
– ကွဲလွဲသည့် အယူဝါဒ ၃၀
– သဘာဝကျ တကယ်အလှ ၃၁
– အသူရာနှင့် သိကြား ၃၁
– မြန်မာ့ဂုဏ် ၃၂
– ထူးဆန်းပုံ ၃၂
– ဈေး ၃၂
– ကျောင်းသားတို့နှင့် ၃၂
– ကျန်ရစ်ခဲ့ပြီ ၃၃
– စည်ကားလှ၏ ၃၃
– အချမ်းခိုင်လုံရန် ၃၃
– မြေအောက်ရထား ၃၄
– ဥမင်လှေကားမှ ၃၄
– တရားဝင်ချေ့သည် ၃၅
– အရှိအသေတန်မည် ၃၅
– မြန်မာဝတ်စုံဖြင့် ၃၆
– ပြင်ဆင်စရာမရှိ ၃၆
– နတ်လမ်းညွှန် ၃၇
– ပီတိဖြစ်စရာပင် ၃၇
– ဦးနုလည်း တည်းခိုဖူး၏ ၃၈
– ထူးခြားသော မြန်မာအဝတ် ၃၈
– မြန်မာစကားပြောသည့် ဗိုလ် ၃၉
– မြန်မာနှင့် ရင်းနှီးသူများ ၃၉


mgyoe.com

mgyoe.com

SAMPLE BOOK

– မြေပိုင်ရှင်ကြီး ၃၉
– ပန်းမန်ပါရဂူ ၄၀
– အတိုတ်မှ ၄၀
– သတင်းပေးသလို ၄၀
– ချစ်ကြည်ရေးအတွက် ၄၀
– စက်ပိုင်ရှင်ပါပဲ ၄၁
– အလံထူသွား၏ ၄၁
– ပန်းပြပွဲကြီး ၄၂
– မျိုးစုံလှ၏ ၄၂
– ခိုက်ခိုက်တုန် ၄၃
– ဟင်းသီးဟင်းရွက်များပင် ၄၃
– ဥက္ကဌနှင့် ၄၄
– ကြိုးစားကြည့်မှ ၄၄
– မဖြစ်နိုင်သေး ၄၄
– မခွဲတတ်ဘူး ၄၅
– ဟန်ကိုကြည့်ပြီး ၄၅
– ဤသို့ ၄၅
– ဆေးရုံ ၄၆
– မေးလိုက်သူ ၄၆
– နားလည်ခဲ့ပြီ ၄၇
– ဧည့်ခံကော်မတီ ၄၇
– အကျိုးများလာပုံ ၄၈
– မြို့တော်ဝန်ထံ ၄၈
– မြို့တော်ဝန်အိမ် ၅၀
– သင့်လျော်ပါတယ် ၅၁
– တရားစီရင်ရာသို့ ၅၁
– အမွေအနှစ် ၅၂
– အိဂျစ်ဆောင် ၅၂

mgyoe.com

mgyoe.com SAMPLE BOOK



– ကျောက်ရုပ်တုများ ၅၂
– ပန်းထိမ်ပညာ ၅၃
– လက်ဆောင်များလည်း ၅၃
– လေ့လာကြသည် ၅၄
– နှိုင်းယှဉ်ပြ ၅၄
– သတင်းစာဆရာအချို့က ၅၄
– အလှူခံပေးရန် ၅၅
– ဝမ်းသာကြပြီ ၅၅
– ပြေးသတိရ၏ ၅၆
– အလှဆုံး ၅၆
– ဝိုင်းကြည့်ကြ၏ ၅၇
– ကွဲပြားမှုတွေ ၅၇
– ပြင်သစ်ပုံစံ ၅၇
– ပန်းချီကားချပ် ၅၈
– ဝက်စ်မင်စတာ ၅၈
– ဂုဏ်ပြုရန်မြေ ၅၈
– ပုဂ္ဂိုလ်ကျော်များ ၅၉
– ကဗျာဆရာများ ၅၉
– စုံနေ၏ ၅၉
– နိုင်ငံရေးခေါင်းဆောင်များ ၆၀
– အခြားနေရာသို့ ၆၀
– ပါလီမန်သို့ ၆၁
– သိမ်းပိုက်လိုက်၏ ၆၂
– သံပန်းပုံကားချပ်များ ၆၂
– ရှောင်တိမ်းမရ ၆၂
– မဲဆန္ဒရှင် ၆၃
– လွှတ်တော် ၆၃
– ဆင်မြန်းရ၏ ၆၄


mgyoe.com

mgyoe.com SAMPLE BOOK




| | | |
|---|---|---|
| – | စားပွဲမပါ | ၆၄ |
| – | မကျဉ်းပါ | ၆၄ |
| – | မဲပေးကြပါ | ၆၅ |
| – | အတိုက်အခံခေါင်းဆောင်နှင့် လခ | ၆၅ |
| – | သူတို့ဆီက အမတ်အဆောင်အယောင် | ၆၆ |
| – | မဲဆန္ဒနယ်သို့ အမြဲသွားကြ၏ | ၆၆ |
| – | သန်းခေါင်တိုင်သော အစည်းအဝေး | ၆၇ |
| – | လေးလေးနက်နက် | ၆၉ |
| – | အရေးကြီး | ၆၉ |
| – | ငြိမ်းချမ်းရေးဆန္ဒ | ၇၀ |
| – | မပျောက်ကွယ် | ၇၀ |
| – | ချီးကျူးသံ | ၇၀ |
| – | သတင်းစာ ကွန်ဖရင့်မလို | ၇၁ |
| – | ဝေဖန်ခန်း | ၇၁ |
| – | ဗြိတိသျှပါလီမန် | ၇၂ |
| – | အထက်လွှတ်တော် | ၇၂ |
| – | ရှေးခေတ် ဥက္ကဋ္ဌဟန် | ၇၃ |
| – | နန်းရင်းဝန်နှင့် တွေ့ရ၏ | ၇၃ |
| – | အတိုက်အခံ လခရသလား | ၇၄ |
| – | ဦးနု နေကောင်းရဲ့လား | ၇၄ |
| – | ဗြိတိသျှပါလီမန် | ၇၅ |
| – | စကော့တလန်အမတ် | ၇၅ |
| – | ကာနယ်အမတ် | ၇၅ |
| – | မြန်မာရှေးဟောင်းပစ္စည်း | ၇၆ |
| – | ပြတိုက်တစ်ခု ဖြစ်ဖြစ်မြောက်မြောက် | ၇၆ |
| – | ရုပ်ချောသောအမတ် | ၇၇ |
| – | ဝါစာသိလိဋ္ဌမိန့်ခွန်း | ၇၈ |
| – | လန်ကက်စတာအိမ် | ၇၈ |


mgyoe.com

mgyoe.com
SAMPLE BOOK



- ကာနယ်မြေရှင် ဆရာဝန်အမတ် ၇၉
- ချစ်ကြည်ရေးဖယောင်းတိုင် ၇၉
- စစ်တက္ကသိုလ် ၈၁
- စစ်တက္ကသိုလ်ဝင်ခွင့် ၈၁
- မြန်မာကျောင်းသားသုံးယောက် ၈၂
- ကျောင်းသားနှင့် ချိန်းပွဲ ၈၃
- ရှိတ်စပီးယားပြဇာတ် ၈၃
- ယဉ်ကျေးသော ပွဲကြည့်ပရိသတ် ၈၄
- ကြည့်ကောင်းသော ဇာတ်ကွက်ဟောင်း ၈၅
- ရှိတ်စပီးယား၏ အလွှမ်းဇာတ်များ ၈၆
- မဒမ်တူးဆိုး ၈၆
- ဖယောင်းရုပ်တုပုံတူများ ၈၇
- ရာဇဝင်ပုံပြင် ဖယောင်းရုပ်များ ၈၈
- မြင်းပွဲသို့ ၈၉
- မင်းသား၏ ကိုယ်ပိုင်မြင်းပြိုင်ကွင်း ၉၀
- နန်းဦးမြင်းကို လောင်းခဲ့၏ ၉၁
- မစားသာသော တတိယတွဲပွဲ ၉၁
- ဘဲလေး ၉၂
- ယိမ်းဇာတ် ၉၂
- ကော်ဇောခင်းသည့်အိမ်သာ ၉၃
- ဘဲလေးသုံးခန်း ပြလေသည် ၉၄
- မကြိုက်ခဲ့သော ဘဲလေး ၉၅
- ဇာတ်လမ်းကို ကြိုသိလျှင် အရသာမရှိ ၉၅
- ဟိုက်ပါ့က် ၉၆
- ကိုယ့်စာကို အရင်သင်ပါ ၉၇
- စည်းကမ်းရှိသော ဥယျာဉ် ၉၇
- ဝင်ဆာရဲတိုက်နှင့် နန်းတော် ၉၉
- ရက်အား ရှခင်း ၁၀၀


mgyoe.com

mgyoe.com SAMPLE BOOK



– ရယ်စရာပြောတတ်သော အမတ် ၁၀၀
– စာရေးဆရာအမတ် ၁၀၁
– ဝင်ဆာရဲတိုက် ၁၀၁
– အကြီးဆုံးရဲတိုက် ၁၀၁
– ရှေးဟောင်းပရိဘောဂများ ၁၀၂
– နယူးဇီလန်သား အိမ်တော်ဝန် ၁၀၃
– ကမ်းခြေမြို့ကလေးသို့ ၁၀၃
– မျက်နှာကိုနမ်း၏ ၁၀၄
– ရေမချိုးနိုင် ၁၀၄
– ရယ်ကြ၏ ၁၀၄
– ဆီးနှင်းတွေ ၁၀၅
– သာယာပုံ ၁၀၅
– ပြသခြင်း ၁၀၆
– လေယာဉ်စက်ရုံ ၁၀၆
– တစ်လရှစ်စီး ၁၀၆
– ပြိုင်ရောင်းရဲသည် ၁၀၇
– သမဂ္ဂဝင်လုပ်သားများ ၁၀၇
– မြန်မာအလံလွှင့်ကာ ၁၀၈
– အိုက်စကရင်သူဃောင်မယ် ၁၀၈
– သစ်တောသစ် ၁၀၉
– တစ်သီးပုဂ္ဂလပိုင် ၁၀၉
– သစ်တောပြုစုနည်း ၁၀၉
– ဖြောင့်တန်းလျက် ၁၁၀
– တွေ့ခဲ့၏ ၁၁၀
– သဘာဝနည်း ၁၁၀
– ပြောခဲ့၏ ၁၁၁
– မေးလိုက်သည် ၁၁၁
– အရေးမယူ ၁၁၂


mgyoe.com

mgyoe.com  SAMPLE BOOK


| | | |
|---|---|---|
| – | အောက်စ်ဖို့ဒ်တက္ကသိုလ် | ၁၁၂ |
| – | သိပ္ပံမောင်ဝ | ၁၁၃ |
| – | ဆိုရှယ်လစ်ဟောင်း | ၁၁၃ |
| – | မြန်မာပါမောက္ခ | ၁၁၄ |
| – | ဘုန်းကြီးတက္ကသိုလ် | ၁၁၄ |
| – | အောက်စ်ဖို့ဒ် | ၁၁၄ |
| – | နည်းပြသင်တန်း | ၁၁၅ |
| – | ဒိုဘီစက်များ | ၁၁၅ |
| – | ပိဋကတ်တိုက် | ၁၁၆ |
| – | စာမူဟောင်းများ | ၁၁၆ |
| – | အကြောင်းစုံ | ၁၁၇ |
| – | လန်ဒန်သို့ | ၁၁၇ |
| – | လက်မြှောက်လိုက်၏ | ၁၁၈ |
| – | ဖော်ပြပြီးဖြစ်သည့် | ၁၁၈ |
| – | ကျကျနန | ၁၁၈ |
| – | ပျော်ပျော်ရွှင်ရွှင် | ၁၁၉ |
| – | မြင်ကွင်း | ၁၁၉ |
| – | စစ်ဒဏ်များ | ၁၂၀ |
| – | ရှုပ်ထွေးပွေလီ | ၁၂၀ |
| – | တရုတ်စာ | ၁၂၀ |
| – | တသင်းသင်း | ၁၂၁ |
| – | လွတ်လွတ်လပ်လပ် | ၁၂၁ |
| – | ဘီယာစုပ်ခြင်း | ၁၂၂ |
| – | ဆင်းရဲမြဲ | ၁၂၂ |
| – | လန်ဒန်ကောင်တီကောင်စီ | ၁၂၂ |
| – | မျက်စောင်းထိုး | ၁၂၃ |
| – | ဒီမိုကရေစီ | ၁၂၃ |
| – | တီထွင်မှု | ၁၂၄ |


mgyoe.com

mgyoe.com


- အာလာပ သလ္လာပ ... ၁၂၄
- တိုးတက်လာပုံ ... ၁၂၄
- ကိရိယာများ ... ၁၂၄
- ဤမျှ ဤမျှ ... ၁၂၅
- မလွယ်ပေ ... ၁၂၆
- သဘာဝကျအောင် ... ၁၂၆
- အစိုးရကပေး ... ၁၂၆
- လှုံ့ဆော်သံ ... ၁၂၇
- ပညာရေးနည်းသစ် ... ၁၂၇
- ပညာရပ်များ ... ၁၂၈
- ငြင်းပယ်လေပြီ ... ၁၂၉
- မိတ်ဖြစ်ရေးသို့ ... ၁၂၉
- အကောင်းဆုံး ... ၁၃၀
- မြန်မာစာဌာနသို့ ... ၁၃၀
- စနစ်ကောင်း၍ ... ၁၃၁
- စားကြပါ ... ၁၃၂
- တွေ့ကြစဉ် ... ၁၃၂
- ပလဲနံ့ပသင့်၏ ... ၁၃၂
- ဘာသာရေး ... ၁၃၃
- နစ်ဝါဒ လက်မခံ ... ၁၃၃
- ရင်းနှီးကြ ... ၁၃၄
- ပဲရစ်သို့ ... ၁၃၄

ဝိုးတဝါး ပါရီ ... ၁၃၅

❑

mgyoe.com

mgyoe.com SAMPLE BOOK



# ငြိမ်းချမ်းရေး ခရီးသည်

**အခွင့်ကောင်းတစ်ခု**

ကျွန်တော်တို့သည် ဗြိတိန်သို့ ခရီးထွက်ကြခြင်း ဖြစ်သော်လည်း ဗြိတိသျှလေကြောင်းကုမ္ပဏီ ဘီအိုအေစီလေယာဉ်ပျံဖြင့် ပျံသန်းကြခြင်း မဟုတ်ပေ။ ကေအယ်လ်အမ် ဒတ်ချ်ပိုင် ကုမ္ပဏီလေယာဉ်ပျံဖြင့် ပျံသန်းကြခြင်းဖြစ်လေသည်။ ဤအချက်သည်ပင်လျှင် ကျွန်တော့်အဖို့ အခွင့်ကောင်း တစ်ခု ဖြစ်လေသည်။

အခြား အင်္ဂလိပ်၊ အမေရိကန် စသော နိုင်ငံများမှ လေကြောင်းကုမ္ပဏီ လေယာဉ်ပျံများဖြင့်လည်းကောင်း ခရီးသွားခဲ့ဖူးလေပြီ။ ဤနာမည်ကြီးလှသော ဒတ်ချ်ပိုင် ကေအယ်လ်အမ်နှင့်သာ တစ်ခါမျှ မသွားဖူးသေးချေ။

ကျွန်တော်တို့မှာ ပါလီမန်ကိုယ်စားလှယ်များဖြစ်ပြီး သံတမန်နိုင်ငံကူးလက်မှတ်များကို ကိုင်ဆောင်ကြရသဖြင့် အစစအရာရာတွင် လွယ်ကူချောမောစွာနှင့် လေယာဉ်ပျံပေါ်သို့ တက်ကြရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


**သီးသန့်၍ထား၏**

ကေအယ်လ်အမ်လေယာဉ်ပျံကြီးမှာ စက်ခေါင်းလေးလုံးတပ်ပြီး ခရီးသည် ၁၂၅ ယောက်ထိ တင်ဆောင်နိုင်လေသည်။ နေရာထိုင်ခင်းမှာ မချောင်ချိသော်လည်း မိန်းမ–ယောကျ်ား သီးသန့်အိမ်သာခန်းများ၊ မီးဖိုခန်းများ ပါရှိလေသည်။ ကျွန်တော်တို့နေရာ ချောင်ချိစွာမရှိခြင်းမှာ ပထမတန်းခရီးသည် အဖြစ်ဖြင့် သွားရခြင်းမဟုတ်ဘဲ တူးရစ်စ်တန်း (Tourist Class) ခေါ် ခရီးသည်တန်းတွင် သွားရခြင်းကြောင့်ဖြစ်သည်။ ကျွန်တော်တို့၏ ခရီးစရိတ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံ ပါလီမန်အမတ်များ ခရီးစရိတ်မှ ထုတ်၍ ကုန်ကျသော ခရီးစရိတ်ဖြစ်ရာ ချွေတာနိုင်သလောက် ချွေတာဖို့ အရေးကြီးလေသည်။ တူးရစ်စ်တန်းနှင့် ပထမတန်းမှာ တစ်ယောက်လျှင် ၂၀၀၀ မျှ ကွာခြားလေရာ ချွေတာခြင်းသည် အကောင်းဆုံးဖြစ်လေသည်။ နေရာကျပ်သော်လည်း ဘာမျှ ဆင်းရဲဒုက္ခ မတွေ့ရချေ။

**ရန်ကုန်မှ ကရာချိ**

ရန်ကုန်မှ ကရာချိသို့ တိုက်ရိုက်ပျံသန်းခြင်းဖြစ်ရာ မရပ်မနား ခုနစ်နာရီခွဲကျော်ကျော် ပျံသန်းရလေသည်။ အမြင့်ပေ ၁၇,၅၀၀ တွင် ပျံသန်းခဲ့လေသည်။ ရာသီဥတုကလည်း ကောင်း၏။ သို့သော် ပန်းချီဆန်သော ကောင်းကင်ရှုခင်းကိုကား မတွေ့ရ။

**ပါသွားသူထဲတွင်**

ကေအယ်လ်အမ်၏ ပထမဆုံးထူးခြားချက်မှာ ခုံနံပါတ်များ ကြိုတင်ပေးထားခြင်းဖြစ်လေသည်။ သို့ကလို ပေးထားခြင်းကြောင့် နေရာ ဦးအောင်ယူမနေရ၊ လုခြင်း၊ အငြင်းပွားခြင်းမရှိ။ ၎င်းပြင် ကျွန်တော်တို့ကိုယ်စားလှယ်တစ်ဖွဲ့လုံးကို တစ်စုတည်း နေရာချထားပေးသည်။ ကျွန်တော်တို့အဖွဲ့ထဲတွင် ၅၀ ကျော် နှစ်ယောက်သာ ပါလေသည်။ အဖွဲ့ခေါင်းဆောင်ဖြစ်သော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မန်းဘဆိုင်နှင့် အတွင်းဝန် ဦးနန်းနွယ်တို့မှာ ၅၀ ကျော်များ ဖြစ်ကြသည်။ သို့ရာတွင် ကျန်းမာရေးကောင်းသူများ ဖြစ်ကြ၏။ သထုံမှ ဦးဘဇန်မှာ ၅၀ တွင်း၊ ကသာမှ ဗိုလ်အေးမောင်မှာ

mgyoe.com

mgyoe.com SAMPLE BOOK


၃၀ ကျော်နှင့် ထန်းတပင်အမတ် သခင်သိန်းမောင်နှင့် ကျွန်တော်တို့မှာ ၄၀ တစ်ဝိုက် လူများဖြစ်ကြလေသည်။ ကျန်းမာရေးကောင်းသူများချည်း ဖြစ်ကြ၏။ ထို့ကြောင့် လေယာဉ်ပေါ်မှာ ပျော်ပျော်ကြီး လိုက်ခဲ့နိုင်ကြ၏။ စားလို့သောက်လို့လည်း ကောင်း၏။

**အကျွေးအမွေး**

ကေအယ်လ်အမ်၏ အကျွေးအမွေးမှာ လေယာဉ်ပေါ်တွင် ကျွန်တော် စားဖူးသမျှ၌ အကောင်းဆုံးဖြစ်၏။ အသားတွေ အများကြီး၊ အဆီအအိမ့်တွေ အများကြီးကျွေးသည်မဟုတ်။ အသား၊ အရွက်၊ ဟင်းသီး၊ သစ်သီး၊ ဆီဦးထောပတ် စသည်များကို မျှတစွာကျွေးလေသည်။ အပိုအလိုမရှိဟု ထင်သည်။ ထို့ကြောင့်လည်း ဗြိတိသျှသံရုံးက နှုတ်ဆက်ပွဲတွင် ကေအယ်လ်အမ်နှင့် ခရီးသွားမည်ဟု သိရသော ဗြိတိသျှမိတ်ဆွေများက ကေအယ်လ်အမ်က အစားအသောက် အလွန်ကောင်းတယ်ဟု ပြောခဲ့ကြခြင်း ဖြစ်ဟန်တူသည်။

**တာဝန်မဲ့မဟုတ်**

အစားအသောက်ကောင်းခြင်းနှင့် ပတ်သက်ပြီး စကားစပ်မိကာ ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးက ထွန်းနေ့စဉ်မှ ကျွန်တော်တို့သည် ဘိလပ်သို့ ပျော်ပွဲစားထွက်ကြခြင်းဖြစ်သည်ဟူသော ရေးသားချက်ကို ကန့်ကွက်ပြောဆိုလေသည်။ သည်လိုဆိုရင် တရုတ်၊ ရုရှား စတဲ့ နိုင်ငံများ သွားတဲ့ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွေကိုလည်း ပျော်ပွဲစားထွက်သည်ဟု ဆိုရမည်လောဟု အခြားတစ်ယောက်က သူ့အား ထောက်ခံ၍ မေးလေသည်။ ကျွန်တော်က ပမညတက ပါလီမန်ကိုယ်စားလှယ်အဖွဲ့သွားတာကို ပျော်ပွဲစားထွက်တယ်လို့ မယူဆကြောင်း၊ ပမညတအတွင်းရေးမှူးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ရေးသားသောစာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပိုမိုနားလည်ရေး၊ မိတ်ဆွေဖြစ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် အကျိုးကြီးစွာပြုသော သွားခြင်းဖြစ်သည်ဟု ရေးထားကြောင်း၊ ထို့ကြောင့် ထွန်းနေ့စဉ်တွင် ပါသောစကားမှာ တာဝန်မဲ့စကားများသာဖြစ်ကြောင်း ရှင်းလင်းပြရလေသည်။

mgyoe.com

mgyoe.com

SAMPLE BOOK


## အာရှ–အာဖရိက ကွန်ဖရင့်

လေယာဉ်ပျံပေါ်တွင် အီဂျစ်၊ လက်ဘနွန်၊ ဆီးရီးယားနှင့် ဆူဒန်တို့မှ ခရီးသည်များ တွေ့လေရာ ကျွန်တော်က သွား၍နှုတ်ဆက်လေသည်။ သူတို့ကား အာရပ်အလုပ်သမားများအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ ဖြစ်လေသည်။ သူတို့သည် ပီကင်းမြို့မှာ မေဒေးနေ့တက်ပြီး တရုတ်ပြည်တွင် လှည့်လည်ကာ ပြန်လာကြခြင်းဖြစ်သည်။ သူတို့နှင့် ကျွန်တော် အောက်တိုဘာလတွင် ကိုင်ရိုမြို့၌ကျင်းပရန် စိုင်းပြင်းနေသည့် အာရှ–အာဖရိကပြည်သူတို့၏ ကွန်ဖရင့်အကြောင်းကို ဆွေးနွေးကြသည်။ သူတို့က ဖြစ်အောင် ကြိုးစားမည်ဖြစ်ကြောင်း၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ပါမည့်အကြောင်း ပြောကြားလေသည်။

## ကျွန်တော့်ဆရာ

ကရာချိသို့ရောက်သောအခါ ကရာချိအချိန်နှင့် ၅ နာရီခွဲဖြစ်သည်။ ကျွန်တော်တို့ နိုင်ငံခြားရုံးက ပါကစ္စတန်ရှိ မြန်မာသံရုံးသို့ ကျွန်တော်တို့ ဖြတ်သွားမည့်အကြောင်း သံကြိုးရိုက်ထားသည်ဟုဆိုသော်လည်း မြန်မာသံရုံးမှ မည်သူမျှ လာ၍မတွေ့ကြချေ။ ပါကစ္စတန်ရေဒီယို မြန်မာဘာသာဌာနတွင် အုပ်ချုပ်နေသော ကျွန်တော်၏ငယ်ဆရာ ဦးဟာရွန်းကား ရောက်လာပေသည်။ ဆရာကား ကျွန်တော့်ထံမှ စာရပြီး လာခြင်းဖြစ်၏။ ရန်ကုန်မှ မထွက်ခင် ကျွန်တော်ရိုက်သောကြေးနန်းကိုကား ဆရာ မရချေ။ ဆရာ့ထင်မြင်ချက်ကား မြန်မာသံရုံးသို့လည်း သံကြိုးရောက်ချင်မှ ရောက်မည်။ အကယ်သာ ရောက်လျှင် မြန်မာသံရုံးမှ သံအမတ်ကြီးကိုယ်တိုင်ပင် မလာဘဲနေမည်မဟုတ်ဟု ပြော့လေသည်။

## လက်ဆောင်

ဆရာ့အား ကျွန်တော် ယူလာခဲ့သော ကောက်ညှင်းဆန်၊ လက်ဖက်၊ ပဲလှော်ကြော် စသော မြန်မာပစ္စည်းများကို ပေးလိုက်ရာ ဆရာက "ဒါတွေနှင့်ပဲ မြန်မာပြည် အလွမ်းဖြေနေရတော့တာပဲ" ဟူသော အမူအရာမျိုးဖြင့် ကျေးဇူးတင်နေလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ကရာချိမှ ကိုင်ရိုသို့ ကိုးနာရီနီးပါး တောက်လျှောက် ပျံသန်းပြန်လေသည်။ စာဖတ်လိုက်၊ အိပ်လိုက်ဖြင့် အချိန်ကုန်စေရတော့၏။ မကြာခဏလည်း စားရ သောက်ရ၏။

## လန်းဆတ်အောင်

လေယာဉ်ပျံနှင့်သွားရာ၌ ငြီးစီစီ ထိုင်းတိုင်းတိုင်း ဖြစ်တတ်သည်။ ကေအယ်လ်အမ်လေယာဉ်ပျံကား ခရီးသွားများ လန်းဆတ်နေအောင် များစွာဂရုပြုသည်။ လေယာဉ်ပျံပေါ် ရောက်သည်ဆိုလျှင်ပင် အော်ဒီကလုံးရေမွှေးများ ဆွတ်ဖျန်းပေးသည်။ စားသောက်ပြီး မျက်နှာသုတ်ရန် ခပ်စိုစိုပဝါမှာလည်း ရေမွှေးပဝါဖြစ်သည်။ ပြီးတော့ သစ်သီးယမကာအဖျော်ကို မကြာခဏ တိုက်သည်။ ထို့ကြောင့် ကျွန်တော်သည် တောက်လျှောက် လန်းဆတ်ပြီး စာကိုပင် ရေးနိုင်ခြင်း ဖြစ်လေသည်။

ကျွန်တော့်အဖို့ လေယာဉ်ပျံတွင် စာရေးနိုင်ခြင်းသည် ဤအကြိမ်သည် ပထမအကြိမ်ဖြစ်သည်။

## နပ်ဆာတန်ခိုး

ကိုင်ရိုသို့ရောက်သောအခါ မြန်မာကောင်စစ်ဝန် ဦးဘသောင်းက လာရောက်ကြိုဆိုလေသည်။ ကိုင်ရိုအချိန်နှင့်ဆိုသော် ည ၂ နာရီကျော်ဖြစ်၏။ လေဆိပ်တွင်နားနေကြစဉ် ဦးဘသောင်းနှင့် စကားစမြည် ပြောကြသည်။ အီဂျစ်ပြည်၏မြို့တော် ကိုင်ရိုမှာ လူဦးရေ နှစ်သန်းခွဲမျှ ရှိသည်ဆိုသောအခါ ကျွန်တော်တို့ အံ့သြကြ၏။ အရင်က ကျွန်တော်တို့ ရန်ကုန်လောက်သာရှိသည်ဟု ထင်ခဲ့ကြခြင်းမှာ ပါစင်အောင် လွဲနေသည်။ မည်မျှတစ်ယောက်အကြောင်း တစ်ယောက် မသိကြပါသလဲ။ ဦးဘသောင်းက အင်္ဂလိပ်၊ ပြင်သစ်၊ အစ္စရီယယ်လ်တို့ ဗုံးကြဲခဲ့ပုံကို မျက်မြင်ကိုယ်တွေ့ ပြောပြသည်။ ကာနယ်နပ်ဆာကား ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် တစ်မျိုးသားလုံး ကြည်ညိုခြင်းခံရသော ခေါင်းဆောင်ဖြစ်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


**အီဂျစ်စီးပွားရေး**

ကျွန်တော်မှာ လေဆိပ်မှာပင် လျှောက်ကြည့်ရင်း အီဂျစ်ပြည်အကြောင်း ဓာတ်ပုံ၊ စာရွက်စာတမ်း၊ ပန်းချီကားများကို တွေ့ရလေသည်။ အစက အီဂျစ်ကို ကျွန်တော်တို့ထက်ပင် စက်မှုလုပ်ငန်း မထွန်းကားသော နိုင်ငံဖြစ်သည်ဟု ထင်ခဲ့သည်။ သို့သော် စာရင်းများကို ကြည့်လိုက်သောအခါ ချည်စက် ၃၈ စက်ရှိပြီး ၎င်းတို့၌ အလုပ်သမား ၁၂၀,၀၀၀ လုပ်ကိုင်နေကြသည်။ ဝါဂွမ်းအကြမ်းကိုသာ နိုင်ငံခြားသို့ ပို့နေသည်မဟုတ်ဘဲ ချည်မျှင်နှင့် အထည်လိပ်များကိုလည်း အီဂျစ်ပေါင် ငါးသန်း ငါးသိန်းဖိုး နှစ်စဉ်ပို့နေလေသည်။ ဟင်းချက်ဆီ၊ ဆပ်ပြာ၊ သံကြား၊ ဓာတ်ဆီ၊ မြေသြဇာ၊ ဖန်၊ ဆေးဝါး၊ ဆေးရွက်၊ ရုပ်ရှင်၊ စက္ကူ စက်မှုလုပ်ငန်းများလည်း အတော်အတန် တိုးတက်နေလေသည်။ လက်ရှိ သံမဏိစက်ရုံမှာ ငယ်သေးသည်။ နှစ်စဉ် တန်ချိန် ၉၀,၀၀၀ သာ ထွက်သေးသည်။ ယခုအခါ အရင်းငွေပေါင်းသန်းပေါင်း ၁၇ သန်း စိုက်ထုတ်၍ သံမဏိစက်ရုံ တည်ဆောက်နေရာ တစ်နှစ်လျှင် တန်ချိန် ၂၂၀,၀၀၀ ထွက်မည်ဖြစ်၏။ ယခုနှစ်ထဲမှာပင် ထိုစက်မှ စထွက်တော့မည် ဖြစ်သည်။

**တိုးတက်မှုတွင်**

နပ်ဆာတို့အစိုးရ တက်ပြီးမှ ထူးထူးခြားခြား တိုးတက်လာခြင်းမှာ ကျောင်းသားဦးရေ ဖြစ်၏။ ယခင်ကထက် ငါးဆမျှ တိုးတက်လာသည်ကို တွေ့ရလေသည်။

ကိုင်ရိုမှ ရောမမြို့သို့ ထွက်ခဲ့ကြပြန်၏။ ပေ ၂၂,၅၀၀ ထိ အမြင့်တက်ကာ ပျံနေသည်။ ကျွန်တော်တို့အောက်မှာ မြေထဲပင်လယ်ရှိသည်။ သို့သော် အောက်မှ ပင်လယ်ကို မမြင်ရ၊ တိမ်တိုက်တွေကိုသာ တွေ့မြင်ရလေသည်။

**တွေ့မြင်ရ၏**

ကိုင်ရိုမြို့မှ ငါးနာရီကျော်ကျော် ပျံသန်းခဲ့ပြီးနောက် ရောမမြို့သို့ ရောက်လေသည်။

mgyoe.com

mgyoe.com SAMPLE BOOK


လေယာဉ်ပျံပေါ်မှ မြင်လိုက်ရသော ရောမမြို့မှာ တလုံးတစည်း တစုတဝေးတည်းမရှိ။ အိမ်ခြေရာခြေ အစုအဝေးများကြားတွင် ကွက်ကျားကွက်ကျား တောင်ကမူများ၊ မြေကွက်လပ်များ၊ ရေစပ်များကို တွေ့မြင်ရလေသည်။

## ခရီးကြန့်ကြာ

ရောမလေဆိပ်မှာ အခြားလေဆိပ်များလောက် မကြီးကျယ်လှဟု ထင်ရလေသည်။ လေယာဉ်ဆင်းသော ကွင်းကိုကပင် ကျဉ်းနေ၏။

ရောမလေဆိပ်တွင် ရှစ်နာရီသာ နားရန်ဖြစ်သော်လည်း ကျွန်တော်တို့စီးလာသော ကေအယ်လ်အမ်လေယာဉ်ပျံသည် ရှေ့ဆက်ပျံရန် စိတ်ချရသောအခြေအနေ မရှိဟု ကုမ္ပဏီအာဏာပိုင်တို့က ယူဆသဖြင့် အခြားလေယာဉ်တစ်စီးသို့ ကူးပြောင်းနေရသဖြင့် ခရီးကြန့်ကြာသွားလေသည်။

လေဆိပ်မှာ စောင့်နေကြစဉ် ကျွန်တော်သည် ပါကစ္စတန်မှ အမျိုးသားတစ်ယောက်နှင့် မိတ်ဖွဲ့ကြလေသည်။ သူကား ပါကစ္စတန်နိုင်ငံတော်အစိုးရဘဏ်မှ အရာရှိတစ်ဦးဖြစ်၏။ သူက မြန်မာငွေဈေး အဘယ်ကြောင့် ဤမျှကျသလဲဟုမေး၏။ ပါကစ္စတန်နှင့် အိန္ဒိယမှာ မှောင်ခိုဈေး၌ပေါက်နေသော မြန်မာငွေဈေးကို ရည်ညွှန်း၍မေးခြင်း ဖြစ်လေသည်။ ကျွန်တော်က မြန်မာပြည်တွင်းမှာ ကုန်ဈေးနှုန်းအနည်းငယ် တက်ခြင်းသည် မြန်မာငွေဈေးကျခြင်း၏ သဘာဝကျသောအကြောင်း ဖြစ်ကြောင်း...။

## မြန်မာ့ငွေ

သို့ရာတွင် သဘာဝမကျသော ကိစ္စတစ်ရပ်ရှိသေးကြောင်း၊ မာရာဝါရီနှင့် အခြားကုလားကုန်သည်ကြီးများသည် မြန်မာပြည်တွင် ကူးသန်းရောင်းဝယ်ခြင်းနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ခြင်းကြောင့်ရသော အမြတ်ငွေများကို မတရားသောနည်းများဖြင့် မြန်မာနိုင်ငံပြင်ပသို့ ထုတ်ယူရန် လုပ်ကြရာမှ မှောင်ခိုဈေးပေါ်လာကြောင်း၊ ထို့ကြောင့်ပင် မြန်မာငွေဈေးကျဆင်းရကြောင်း ပြောပြသောအခါ ထိုမိတ်ဆွေက ပါကစ္စတန်မှာလည်း ထိုအတိုင်းပင်ဖြစ်နေကြောင်း...။

mgyoe.com

mgyoe.com SAMPLE BOOK


**အရှေ့ပါကစ္စတန်**

အရှေ့ပါကစ္စတန်၏ အကြီးဆုံးသော လုပ်ငန်းတစ်ရပ်မှာ ဂုန်လျှော် လုပ်ငန်းဖြစ်ကြောင်း၊ ထိုလုပ်ငန်း၏ ၅၀ ရာခိုင်နှုန်းမှာ မာရာဝါရီများလက် တွင် ရှိနေကြောင်း၊ အမြတ်ကို မတရားနည်းနှင့် ပါကစ္စတန်ပြင်ပသို့ ထုတ် ယူကြသဖြင့် ပါကစ္စတန်ငွေဈေးလည်း ကျရကြောင်း ပြောပြလေသည်။

၎င်းနောက် ပါကစ္စတန် နိုင်ငံခြားရေးဝါဒနှင့် ကျွန်တော်တို့ နိုင်ငံခြား ရေးဝါဒသို့ ရောက်သွားကြလေသည်။ ကျွန်တော်တို့နိုင်ငံသည် ဤမျှ ဒုက္ခ တွေကြားက ဤလို လွတ်လပ်သော နိုင်ငံခြားရေးဝါဒ ထားနိုင်ခြင်းမှာ ချီးကျူးစရာကောင်းလှကြောင်း သူက ပြောလေသည်။ ကျွန်တော်က သူတို့ နိုင်ငံသည် အမေရိကန်အုပ်စုဘက်သို့ လုံးလုံးရောက်နေသဖြင့် ပြင်ပမှာ ပါကစ္စတန် ဂုဏ်သိက္ခာကျနေကြောင်း ဝေဖန်သောအခါ သူက ခြွင်းချက် မရှိ လက်ခံလေသည်။ ၎င်းနောက် ပါကစ္စတန်မှာ ဘယ်လောက်ပဲ အမေ ရိကန်အကူအညီရစေကာမူ နိုင်ငံတော်အစိုးရဝင်ငွေများမှာ များသောအားဖြင့် စစ်ဘက်သို့ ပို့နေရသဖြင့် တိုင်းပြည်အတွက် လုပ်သင့်လုပ်အပ်တာတွေ မလုပ်နိုင်ပုံကို သူက ညည်းညူလေသည်။

**ဆားပုံကြီးများ**

'ရောမ' ဇူးရစ် (Zurich) သို့ နှစ်နာရီမျှ ပျံသန်းကြရပြန်လေသည်။ ဤခရီးတစ်ထောက်မှာ အသာယာဆုံးဖြစ်သည်။ တောတောင်တွေက စိမ်း လန်းနေသည်။ မြစ်ကလေးတွေ၊ အိုင်ကလေးတွေ ပြာနေသည်။ တောင်တွေ မြင့်မြင့်လာ၏။ ထိုတောင်တွေပေါ်တွင် ဆီးနှင်းတွေ ပုံနေ၏။ ဤကား အယ်လ်လပ်စ်ခေါ် အယ်လ်ပိုင်းတောင်များပေတည်း။ ငွေရောင်တောက်နေ သော ဟိမဝန္တာတောင်ထိပ်များလောက်တော့ လှသည်ကို မတွေ့ရ။ ငွေရောင် မတောက်၊ ဆားပုံကြီးများသဏ္ဍာန် ပေါက်နေ၏။

**အလှဆုံး**

ဇူးရစ်လေဆိပ်ကား အလှဆုံးဖြစ်သည်။ ကျယ်လည်း ကျယ်ပြန့် သည်။ ပတ်ဝန်းကျင်တွင် တောတန်းကလေးများနှင့် စိမ်းနေသော တောင်

mgyoe.com

SAMPLE BOOK

ကုန်းကလေးများ ရှိလေသည်။ များသောအားဖြင့် ထင်းရှူးအပါအဝင်ဖြစ်သော ပိုင်းပင်များကိုသာ တွေ့ရ၏။ ဖူးရစ်လေဆိပ်အဆောက်အအုံမှာ မှန်နန်းတော်ဖြစ်သည်ဟုဆိုက ပို၍သင့်လျော်လိမ့်မည်။ မှန်နံရံ၊ မှန်ပြတင်း၊ မှန်တံခါးတွေနှင့်ချည်းသာ ဖြစ်လေသည်။

ဖူးရစ်ကား ဆွစ်ဇလန်ပြည်၏ မြို့ကြီးတစ်မြို့ဖြစ်လေသည်။ လေယာဉ်ပျံမှ မြင်ရသမျှပြောရသော် စက်ကို အတော်ခိုင်းသောမြို့ ဖြစ်၏။ လေယာဉ်ပျံကွင်းထဲတွင် မော်တာတပ်သော ယာဉ်အမျိုးမျိုးရှိ၏။ ချယ်ဂါရီ သို့မဟုတ် လက်တွန်းလှည်းမရှိ။ အားလုံး မော်တာတပ်ထားသည်။ ကုန်နှင့် ဝန်ထုပ်များကို ထမ်းပိုးခြင်းမရှိ။ လေယာဉ်ပျံ ရောက်ရောက်ချင်း အက်စ်ကာလိပ်တာခေါ် ဓာတ်လှေကား ပြေးထောင်လိုက်သည်။ ဝန်ထုပ်ဝန်ပိုးများမှာ သူ့ဘာသာသူ ဆင်းလာသည်။ လူက ဖေးရုံ မ,ရုံ ထိန်းပေးရုံသာဖြစ်၏။

**စက်ဘီး မတွေ့ရ**

စက်ဘီးစီးသူကို မတွေ့ရလှဘဲ မော်တော်ဆိုင်ကယ်၊ သို့မဟုတ် မော်တာစက်ဘီးကိုသာ တွေ့ရတတ်သည်။

ဖူးရစ်ပျံချိန် နှစ်နာရီမျှကွာဝေးသော အမ်စ်တာဒမ်မြို့သို့ ပျံသန်းခဲ့ပြန်လေသည်။ မြေမျက်နှာပြင်သည် တဖြည်းဖြည်းဖြင့် ပြန့်ပြူးလာလေသည်။

**လယ်ယာများက**

လယ်ယာခင်းများမှာ အစိတ်စိတ်အမြွှာမြွှာ ကောက်တိကောက်ကွေး မဟုတ်၊ ကျယ်ဝန်းပြီး လေးဖက်လေးတန် ဖြောင့်တန်းလေသည်။ သီးနှံမျိုးစုံစိုက်ထားသည့်အပြင် အချို့မှာ ပွင့်သီးခါစ၊ အချို့မှာ မှည့်ချိန်၊ အချို့မှာ ရိတ်သိမ်းပြီးချိန် ဖြစ်လေရာ ကောင်းကင်မှနေ ကြည့်သောအခါ အရောင်မျိုးစုံအုတ်ချပ်များကို စီထားသည်နှင့်တူပေ၏။

**သုံးနာရီကျော်**

အမ်စ်တာဒမ်မှာ ဒတ်ချ်ပြည်၏မြို့တော် ဖြစ်လေသည်။ ကျွန်တော်

mgyoe.com

တို့စီးလာသော ကေအယ်လ်အမ်လေယာဉ်ပျံ၏ မြို့တော်လည်းဖြစ်သည်။ တစ်ကမ္ဘာလုံး ပိုက်ကွန်ဖြန့်ထားသလိုရှိသော ကေအယ်လ်အမ်လေကြောင်းများ၏ ဗဟိုချက်ချာလည်း ဖြစ်ပေ၏။ အမ်စ်တာဒမ်မှာ သုံးနာရီကျော်ကျော် စောင့်ကြရ၏။ လေဆိပ်တွင် ဆိုင်အမျိုးမျိုးတွေ့ရသဖြင့် လျှောက်ကြည့်ကြသည်။ အင်္ဂလိပ်ပေါင်နှင့် ဝယ်လို့ရနိုင်ပေသည်။

## လန်ဒန်မြို့သို့

မြန်မာအမျိုးသမီးများ လွန်စွာတမ်းတကြသော လက်ကိုင်သားရေအိတ်များ ရှိ၏။ ဈေးမှာ အင်္ဂလိပ် ၁၁ ပေါင်ဖြစ်ရာ မသက်သာလှသည်ကို တွေ့ရ၏။ လက်ကိုင်ပဝါ၊ ရေမွှေး စသည်များလည်း ဈေးမသက်သာ။ နာရီများမှာမူ အိန္ဒိယဈေးနှင့် အတူတူလိုဖြစ်နေရာ ကျွန်တော်က ဆိုင်ရောင်းသူ အမျိုးသမီးအား နာရီလုပ်သော ဂျနီဗာရောက်တော့မှ ဝယ်မည်ဟု ပြောလိုက်လေသည်။ ထိုအမျိုးသမီးက ဂျနီဗာမှာလည်း ဒီဈေးပဲ ရောင်းပါတယ်ဟု ပြောလိုက်လေသည်။ ထူးခြားချက်မှာ ရောင်းသူအမျိုးသမီးသည် အရုပ်အမောင်းကောင်းရှိသာမက ချောမောလှပကြခြင်း ဖြစ်၏။ လေယာဉ်ပျံမယ်နှင့် ဆိုင်ရောင်းအမျိုးသမီးအဖြစ် လှပသူ၊ အရုပ်အမောင်းကောင်းသူကိုမှ တမင်ရွေးခန့်ထားခြင်း ဖြစ်ဟန်တူလေသည်။ အမ်စ်တာဒမ်မြို့မှ ဗြိတိသျှ ဥရောပလေကြောင်း လေယာဉ်ပျံသို့ ကူးစီးပြီး လန်ဒန်မြို့သို့ ထွက်ခွာခဲ့ကြသည်။

## လန်ဒန်ရောက်ပြီ

လေယာဉ်ပျံသည် မြောက်ပင်လယ်ကို ဖြတ်လေသည်။ သို့သော် အောက်မှာရှိသော မြောက်ပင်လယ်ကို မမြင်ရ။ ဝါဂွမ်းပုံကြီးများလို နေသော တိမ်တိုက်များကိုသာ မြင်ရလေသည်။ လန်ဒန်မြို့ကိုလည်း ကောင်းကင်မှ မမြင်နိုင်။ လေယာဉ်ပျံဆင်းသဖြင့်သာ ရောက်ပြီဟု သိရလေသည်။

## ချမ်းလှ၏

မြန်မာပြည်မှ မထွက်ခွာမီ များစွာသော မိတ်ဆွေတို့က အင်္ဂလန်တွင် ရာသီဥတု အလွန်သာယာ ပူနွေးပါလိမ့်မည်ဟု ခန့်မှန်းပြောပြခဲ့ကြလေ

mgyoe.com

သည်။ သို့သော် လန်ဒန်မှာ မိုးအုံ့နေသည်သာ များလေသည်။ လေအေးကလည်း တိုက်သေးသဖြင့် အထက်မြန်မာပြည် ဆောင်းတွင်းထက် များစွာချမ်းနေပေသည်။

## လိဗ်ကာ မကြို

လေယာဉ်ပျံမှ ဆင်းလျှင်ဆင်းချင်း မြန်မာသံရုံးမှ ပထမအတွင်းဝန် မြန်မာစစ်သံ စသော အရာရှိများ ကြိုဆိုနေကြသည်ကို တွေ့ရလေသည်။ လေယာဉ်ပျံရောက်ချိန် မကြာခဏပြောင်းသွားသောကြောင့် သံအမတ်ကြီး ဦးအောင်စိုးမှာ အရောက်နောက်ကျနေလေသည်။ ကျွန်တော်တို့သည် လေယာဉ်ပျံကွင်းစခန်းမှထိုင်ပြီး ဦးအောင်စိုး ရောက်သည့်တိုင် စောင့်ကြရ၏။ အင်္ဂလိပ်ဘက်မှကား တစ်ယောက်မျှ လာ၍မကြိုကြပေ။ ၎င်းတို့ ဖိတ်ထားသောနေ့မှာ မေလ ၂၀ ရက်မှာမှဖြစ်သဖြင့် ကျွန်တော်တို့ ယခုလို ၁၈ ရက်နေ့မှာရောက်ခြင်းကို တရားဝင် အသိအမှတ်မပြုသေးသောကြောင့် ဖြစ်လေသည်။

## ဦးအောင်စိုး လာကြိုခြင်း

သံအမတ်ကြီး ဦးအောင်စိုး ရောက်လာသောအခါ ကျွန်တော်တို့အား မြို့ထဲသို့ ခေါ်သွားလေသည်။ မြင်တွေ့ရသမျှသော လူများသည် အနွေးထည်များ ဝတ်ထားကြသည်။ ကျွန်တော်တို့ကိုယ်စားလှယ်အဖွဲ့မှာကား ကျွန်တော်မှတစ်ပါး အပေါ်ရုံကုတ်အင်္ကျီ မပါကြချေ။ အားလုံး အချမ်းဒဏ် ခံနေကြရပေ၏။

လန်ဒန်မြို့ပေါ်တွင် စစ်အတွင်းက ဗုံးကြဲထားသောဒဏ်ရာများ မပျက်သေးသည်ကို တွေ့ရသည်။

## ညည်းသံကြားရပြီ

လန်ဒန်မြို့ရောက်ရောက်ချင်း ပထမဆုံးကြားရသော ညည်းညူသံမှာ စူးအက်ရှားပါးစရိတ်ဆိုသော ကိစ္စဖြစ်၏။ စူးအက်ကိစ္စကြောင့် အီဂျစ်ပြည်နှင့် စစ်ဖြစ်လိုက်ရာ ဗြိတိန်မှာ ဓာတ်ဆီဈေးနှင့် အစားအသောက်ဈေး

mgyoe.com

mgyoe.com


များ တက်ခြင်း မော်သွားလေသည်။ ထိုသို့ ဈေးမော်သောအခါ အိမ်ခများလည်း တက်သွားလေသည်။ အလုပ်သမားတွေက အခပိုတောင်းလာကြလေသည်။ သပိတ်မှောက်သည့်နေရာမှာ မှောက်ကုန်ကြ၏။ ထို့ကြောင့် 'အထူးရှားပါးစရိတ်' ဆိုပြီး ၁၅ ပေါင်လောက် တိုးပေးကြ၏။ ယင်းသို့ တိုးပေးရခြင်းကို စူးအက်ရှားပါးစရိတ်ဟု ခေါ်လေသည်။

**မြန်မာတို့ဒုက္ခ**

မြန်မာစစ်သံရုံးအရာရှိများမှာ ရန်ကုန်ကာကွယ်ရေးရုံးမှ ချက်ချင်းအမိန့်ရသဖြင့် စူးအက်ရှားပါးစရိတ် အင်္ဂလိပ်အလုပ်သမားများကို ပေးနိုင်သောကြောင့် ဘာမျှကိစ္စမရှိ။ သံအမတ်ကြီး ဦးအောင်စိုးတို့၏ သံရုံးမှာကား ရန်ကုန်နိုင်ငံခြားရုံးမှ အမိန့် ယနေ့ထိ မရသေးသောကြောင့် အင်္ဂလိပ် အလုပ်သမားများအား အီဂျစ်ရှားပါးစရိတ် မပေးနိုင်ချေ။ ထို့ကြောင့် အင်္ဂလိပ်လူမျိုးကား၊ဒရိုင်ဘာသုံးယောက်ရှိရာ နှစ်ယောက်က ထွက်သွားလေသည်။ အစစအရာရာ ဈေးတွေတက်နေသောကြောင့် မြန်မာကျောင်းသားတွေမှာ ဒုက္ခတွေ့နေကြရသည်ဟုလည်း သိရလေသည်။

**တည်းခိုစခန်း**

ကျွန်တော်တို့ တည်းခိုရသော ဟိုတယ်မှာ ကင်ဒါတန်မင်းသားဟိုတယ်ဟုခေါ်၏။ အတော်ပင် ခမ်းနားကြီးကျယ်ပါပေသည်။ ဟိုတယ်တစ်ခုလုံး တစ်ရောင် တစ်ဆင်တည်းသော ကော်ဇောများကို ခင်းထားခြင်းမှာ ထူးခြားချက်ဖြစ်ပေ၏။

**အစီအစဉ်**

အတန်ကြာသောအခါ ကျောင်းနေဖက်၊ သပိတ်မှောက်ဖက် ကိုတင်မောင်ကြီး ရောက်လာ၏။ သူကား ယခုအခါ မြန်မာသံရုံးတွင် ကောင်စီလူကြီး ဖြစ်နေပေသည်။ သံအမတ်ကြီး ဦးအောင်စိုး၊ ဦးတင်မောင်ကြီး၊ ဦးမောင်ကလေးတို့နှင့် ကျွန်တော်တို့အတွက် အစီအစဉ်ကို ဆွေးနွေးကြလေသည်။ ဗြိတိသျှပါလီမန်၏ ကော်မတီက လျာထားသောအစီအစဉ်ကို မူတည်ဆွေးနွေးကြလေသည်။

mgyoe.com

m gyoe . c o m 

**လည်ကြပြီ**

နောက်တစ်နေ့မှာ တနင်္ဂနွေနေ့ဖြစ်၏။ ကျွန်တော်တို့အားလုံးသည် အစောကြီးနိုးနေကြလေသည်။ အကြောင်းမူကား လန်ဒန်အချိန်နှင့် ကျင့်သားမရသေးသောကြောင့် ဖြစ်၏။ နံနက် ၇ နာရီတွင် ကျွန်တော်တို့ချည်းလျှောက်လည်ကြ၏။

**အံ့သြစရာ**

လန်ဒန်မြို့ကြီးကား အိပ်မောကျတုန်း ဖြစ်ဟန်ရှိလေသည်။ သတင်းစာပို့နှင့် နွားနို့သည်မှလွဲ၍ လမ်းမပေါ်မှာ ပရိုက်ဗိတ်ကားကလေးများ စီတန်းရပ်ထားသည်ကို တွေ့ရ၏။ သို့သော် ကားမောင်းသမားတစ်ယောက်မှ မတွေ့ရ။ ကျွန်တော်တို့တော့ အံ့သြနေကြသည်။ နောက်မှသိရသည်။ တနင်္ဂနွေနေ့ဆိုလျှင် လန်ဒန်မြို့သူမြို့သား၊ အထူးသဖြင့် အလုပ်သမားတို့သည် ၉ နာရီထိ အိပ်ကြသည်။ တနင်္ဂနွေနေ့တွင် ဘယ်သူမှလည်း သူတို့အား မခိုင်းနိုင်၊ ဥပဒေကလည်း ပညတ်ထားသည်။

**ပန်းခြံကြီး**

ကျွန်တော်တို့ဟိုတယ်အနီးမှာ ကင်ဒါတန်ပန်းခြံကြီး ရှိသည်။ ထိုပန်းခြံနှင့် တစ်ဆက်တည်းဖြစ်နေသည်မှာ ဟိုက် ပန်းခြံကြီးဖြစ်၏။ မြို့လယ်ကောင်မှာ 'တော' ချန်ထားခြင်းဖြစ်၏။ ပန်းမျိုးစုံသာမက ပင်စောက်သစ်ပင်ကြီး အမျိုးအစားများစွာကိုလည်း တွေ့ရလေသည်။ ကျွန်တော်တို့သည် အင်္ဂလိပ်စာပေဖတ်ပြီး သစ်ပင်နာမည်များကို ကြားဖူး မှတ်ဖူး၏။ ကျွန်တော်တို့နိုင်ငံမှာပေါက်သော အပင်များမဟုတ်၍ ဘယ်အပင်ဟု မသိကြ။ ယခုမှပင် နာမည်နှင့် အပင်တွဲပြီး သိရပေတော့သည်။

**ကွန်းကြီး**

ကင်ဒါတန်ပန်းခြံထဲမှာ 'အယ်လ်ဘတ်' ကွန်း ရှိလေသည်။ (နတ်ကွန်းဟူသောစကား အဓိပ္ပာယ်မျိုးဖြင့် သုံးလိုက်သည်။) ဝိတိုရိယဘုရင်မ၏ ကြင်ရာတော် အယ်လ်ဘတ်မင်းသားကို ဂုဏ်ပြုသောအားဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK


တည်ဆောက်ထားခြင်းဖြစ်လေသည်။ ထိုကွန်း၏ အောက်ခြေလေးထောင့်တွင် အာရှ၊ အာဖရိက၊ ဥရောပနှင့် အမေရိကတိုက်ကြီးလေးတိုက်ကို သရုပ်ဖော်သောရုပ်တုများ ရှိလေသည်။ တစ်ခါတုန်းက နေမဝင်သော အင်ပါယာကြီးကို အမွှမ်းတင်လိုဟန်တူသည်။ တစ်ထောင့်တွင် ဆင်ပေါ်တွင်စီးနေသောကုလားမ၊ ဘေးမှရပ်နေသော တရုတ်နှင့် အခြားအာရှတိုက် အမျိုးသားများ၊ ဒုတိယထောင့်တွင် ကုလားအုတ်ပေါ်စီးနေသော အီဂျစ်ပြည်သူ၊ ဘေးမှရပ်နေကြသော အာဖရိကတိုက်သားများ၊ တတိယထောင့်တွင်ကား မြင်း၊ နောက်ဆုံးတစ်ထောင့်တွင်ကား နွားနှင့် ဥရောပ အမေရိကန်လူမျိုး။ အဓိပ္ပာယ်က ဘယ်လိုပင်ဆောင်ဆောင် ရုပ်တုများကား အနုပညာလက်ရာမြောက်လှပေ၏။ အကြိုက်ဆုံးမှာ ဆင်နှင့် ကုလားမရုပ်တုများ၊ ကုလားအုတ်နှင့် အီဂျစ်အမျိုးသမီးများ၏ ရုပ်တုများ ဖြစ်ပေသည်။ ယောက်ျားပုံများလည်း ကိုယ်လုံးကိုယ်ထည် အချိုးအစားကျပြီး ခံ့ညားချောမွေ့လှပေသည်။ အားလုံးကျောက်ဖြူနှင့် ထုထားလေသည်။

**ကောလိပ်သို့**

ငင်းနောက် အင်ပီရီးယယ်ကောလိပ်ကို လှျောက်ကြည့်ကြလေသည်။ ကြီးမားသော အဆောက်အအုံကြီးများ ဖြစ်၏။

နေ့ခင်းတွင် အမ်အာရ်အေက ဖိတ်သဖြင့် ရုပ်ရှင်လိုက်ကြည့်ရသေးသည်။ အမ်အာရ်အေခေါင်းဆောင်မှာ ရန်ကုန်မှာနေဖူးသော ဘစ်ရှော့ဝက်စ် ဖြစ်၏။ သူနှင့် ကျွန်တော် သိသည်မှာ ၁၇ နှစ်ရှိလေပြီ။ သူက ကျွန်တော့်အား အမ်အာရ်အေဘက်သို့ ဖွဲ့ကောင်းကောင်းနှင့် ဆွဲခဲ့၏။ ယနေ့ထိလည်း ဆွဲတုန်းဖြစ်၏။ ကျွန်တော်ကား အမ်အာရ်အေ၏ အခြေခံအဘိဓမ္မာများကို မယုံကြည်။ အမ်အာရ်အေသည် ထာဝရဘုရားသခင်၏ အတွင်းစကားကို နာခံဆောင်ရွက်ရမည်ဆို၏။ ကျွန်တော်ကား လောကတွင် ထာဝရဘုရားသခင် ရှိသည်ဟု မယုံကြည်။ ဆိတ်ငြိမ်စွာ သမာဓိယူပြီး ထိုင်နေလျှင် တစ်စုံတစ်ခုသော အသံကို ကြားရလိမ့်မည်။ ထိုအသံ၏ ညွှန်ကြားရာ နာခံ၍ လုပ်ပါဆိုသော မဟုတ်တမ်းတရမ်း စကားများကိုလည်း မယုံကြည်ပေ။

mgyoe.com

m gyoe.com SAMPLE BOOK


**စိတ်ဓာတ်ကို**

အမ်အာရ်အေ၏ အခြားသင်ကြားချက်တစ်ခုမှာ ပြင်ပရှိ လောက လူ့ဘောင် တည်ထောင်ထားသော စနစ်ကြီးကို ပြောင်းရေးထက် လူတစ်ဦးစီ ၏စိတ်ကို အဓိကထားပြောင်းလဲရေး လုပ်ရမည်ဟူ၏။ ဤအချက်ကို ကျွန်တော်တို့ လက်မခံ။ ပြင်ပလောက လူ့ဘောင်စနစ်ကို ပြောင်းလဲရေး သည် မူလကျသောအလုပ်ပင် ဖြစ်သည်။ ထိုဟာကိုပြောင်းရင်း စိတ်ဓာတ်၊ အတွေးအခေါ်၊ ဝါဒ စသည် ပြောင်းလဲလာရမည်။

**ရုပ်ရှင်ကလည်း**

ဘစ်ရှော့ဝက်စ်တို့က ပြလိုက်သော အမ်အာရ်အေရုပ်ရှင်၏ ရည်ရွယ် ချက်မှာ အာဖရိကပြည်သူတို့သည် နယ်ချဲ့အရင်းရှင်ဆန့်ကျင်ရေးတွင် များစွာပြင်းထန်နေ၍ ကွန်မြူနစ်ဝါဒသို့ ရောက်မသွားအောင် ကွန်မြူနစ်ဝါဒ ကို အမ်အာရ်အေဝါဒသည်သာ တရားဖြင့် အစားထိုးရန်ဖြစ်၏။ အာဖရိက ပြည်သူထဲတွင် နယ်ချဲ့သမားအပေါ်မှာ မုန်းစိတ်မထားအောင်၊ ဒေါသမရှိ အောင် သင်ကြား၏။ နယ်ချဲ့သမားအား အပြီးအပိုင် ဖယ်ရှားလိုသူတို့အား ပြက်ရယ်ပြု၏။ ကွန်မြူနစ်လုပ်ကြံမှုဟု သမုတ်၏။

**အဓိပ္ပာယ်မကောင်း**

သို့သော် အတွင်းသားအဓိပ္ပာယ် မကောင်းသော်လည်း ရုပ်ရှင်ရိုက်ပုံ၊ အသံဖမ်းပုံ၊ ဇာတ်ကောင်တို့၏ ကဟန် ပြဟန် အမူအရာတွေမှာ ကောင်း ၏။ ထို့ကြောင့် ကျွန်တော်၏ထင်မြင်ချက်ကို အမ်အာရ်အေတို့က မေးလာ သောအခါ "ရုပ်ရှင်ကား အတတ်ပညာ၊ အနုပညာပိုင်းဆိုင်ရာတွေမှာ ကောင်း တယ်။ ခင်ဗျားတို့ရဲ့ အတွင်းသဘောထား အဘိဓမ္မာများကိုတော့ လက်မခံ နိုင်" ဟု ဖြေလိုက်ရလေသည်။

**တည်ထောင်ခဲ့သူ**

ရုပ်ရှင်ပြီးသောအခါ အမ်အာရ်အေတွင် ဒေါက်တာဝက်စ်က နေ့လယ် စာ ကျွေးလေသည်။ အက်စ်အာရ်အေဂေဟာသည် အိန္ဒိယအင်ပိုင်ယာကြီး

mgyoe.com

mgyoe.com

ကို စတင်တည်ထောင်သူတစ်ဦးဖြစ်သည့် ကလိုက်ဖ်ပိုင်ဖြစ်ပြီး လွန်ခဲ့သော အနှစ် ၂၀၀ လောက်က တည်ဆောက်ထားခဲ့သော အဆောက်အအုံဖြစ်၏။ လွန်စွာအချိုးစားနားကျပြီး အတွင်းအပြင်အဆင်မှာ အနုပညာမြောက်လှပါ၏။ ကလိုက်ဖ်၏ အဆက်အနွယ်များထံမှ လူချမ်းသာအချို့က ဝယ်ယူပြီး အမ်အာရ်အေခေါင်းဆောင် ဒေါက်တာဘွတ်ကင်မင်းအား လှူထားလေသည်။

## လေ့လာခဲ့၏

ကျွန်တော်နှင့် ထန်းတပင်အမတ် သခင်သန်းအောင်တို့သည် ထိုနေရာမှနေပြီး ဘီဘီစီ မြန်မာဘာသာဌာနသို့ သွားကြလေသည်။ ဦးတင်မောင်နှင့် ဦးတက်ထွတ်တို့အား တွေ့ရ၏။ ဦးတက်ထွတ်ကား ကျွန်တော်တို့ မုံရွာနယ်၊ ကြေးမုံသားဖြစ်ရုံမက သူ ရန်ကုန်ကောလိပ်မှာတုန်းကလည်း မီလိုက်သေးသဖြင့် ခင်မင်ဟောင်းဖြစ်လေသည်။ ဘိလပ်မှာ မြန်မာမှုနှင့် မြန်မာရှေးဟောင်းစာပေများကို အများဆုံးလေ့လာပြီး သုတေသနပြုနေသူ ဖြစ်လေသည်။

## စာရေးပါ

သူက တွေ့တွေ့ချင်း ကျွန်တော့်အား "မင်းဟာ တို့နယ်ကထွက်တဲ့ ရှေးစာရေးဆရာတွေရဲ့ အစဉ်အလာကို အောင်အောင်မြင်မြင်နဲ့ ဆက်နိုင်သူဖြစ်တယ်၊ ငါကတော့ မင်း နိုင်ငံရေးမလုပ်ဘဲ စာပဲ ရေးစေချင်တာပဲ" ဟု ပြောလေသည်။ ကျွန်တော်ကတော့ "တစ်နေ့တော့ စာရေးတဲ့အလုပ်ကို အဓိကထားတာ တွေ့မှာပါပဲ" ဟုသာ ပြောနိုင်ပေ၏။

ထို့နောက် ကိုတက်ထွတ်က ကျွန်တော့်အား ဗြိတိသျှပြတိုက်ကြီးသို့ ခေါ်သွားလေသည်။

## ယူကျုံးမရ

ဗြိတိသျှပြတိုက်ကြီးကား နာမည်ကျော်ကြားသလောက် ကြီးကျယ်ခမ်းနားလှပါပေ၏။ အဆောက်အအုံပင်လျှင် နန်းတော်ကြီးတမျှ ဖြစ်၏။ ပြစရာတွေက များနေသဖြင့် ထိုအဆောက်အအုံနှင့်မလောက်ကြောင်း၊ ပြစရာ

mgyoe.com

mgyoe.com SAMPLE BOOK


တွေကို သိုလှောင်ထားပြီး အလှည့်နှင့် ထုတ်ပြနေကြောင်း ဦးတက်ထွတ်က ပြောသောအခါ ကျွန်တော့်မှာ တအံ့တသြနှင့် ချီးကျူးနေမိလေသည်။ သို့သော် အစိုးရမှာ အဆောက်အအုံသစ်ဆောက်ရန် စီမံကိန်းရှိပြီးဖြစ်ကြောင်း၊ သို့ရာတွင် စစ်စရိတ်မှာ အကုန်အကျများနေသဖြင့် ရုပ်လုံးမဖော်နိုင်ကြောင်း၊ ပြတိုက်အစောင့်တွေနှင့် လိုက်ပြသူတွေ လျော့ပစ်သဖြင့် ပြည်သူတွေက ဆူပူလျက်ရှိကြောင်းများ ထပ်သိရသောအခါ ယူကျုံးမရဖြစ်မိပေသည်။

**ရေးမည်ဆိုလျှင်**

ဗြိတိသျှပြတိုက်ကြီးအကြောင်းကို ရေးမည်ဆိုလျှင် စာတစ်အုပ် ဖြစ်နိုင်ပေသည်။

စာဖတ်ခန်းမှာ တနင်္ဂနွေနေ့ဖြစ်၍ ပိတ်ထားလေသည်။ ထို့ကြောင့် မှာက်စ်ထိုင်ပြီး စာဖတ်လေ့ရှိသောနေရာကို မကြည့်ခဲ့ရပေ။

**ရင်းနှီး၏**

ပြတိုက်မှ အလုပ်သမားကြီးငယ်နှင့် ဦးတက်ထွတ်ကား အတော်ရင်းနှီးပေသည်။ သူကိုယ်တိုင် ပြတိုက်တာဝန်ခံတစ်ယောက်သဖွယ် ပြထားသော ပစ္စည်းများနှင့်ပတ်သက်၍ နားလည်ပေသည်။ ကျွန်တော်တို့အား ပထမဦးဆုံး ပိဋကတ်ဆောင်သို့ ခေါ်သွား၏။ စာအုပ်များကို ထားရုံမက စာပုံနှိပ်တိုက်လုပ်ငန်းရာဇဝင်ကိုပင် ခင်းကျင်းပြသထားသည်။ တရုတ်ပြည်မှာ ပုံနှိပ်လုပ်ငန်း စတင်ပေါ်ပုံ၊ ဥရောပမှာ ပုံနှိပ်လုပ်ငန်း စတင်ပေါ်ပုံများနှင့် လက်ရေးမူများအကြောင်းကို ပစ္စည်းမျိုးစုံဖြင့် ပြသထားလေသည်။ နာမည်ကျော် စာရေးဆရာများ၏ လက်ရေးမူများ၊ မက်ကာတာစသော နိုင်ငံရေးသမိုင်းဝင်စာ လက်ရေးမူများ၊ ပထမဆုံးထွက်ပေါ်ခဲ့သော စာအုပ်ဟောင်းများ။

**စာအုပ်ရှာဖွေရပုံ**

ဦးတက်ထွတ်က စာအုပ်ဟောင်းများ ရှာဖွေရပုံ၊ ဘယ်ရွေ့ဘယ်မျှ အဖိုးတန်ပုံကို ပြောပြနေလေသည်။ စာအုပ်တစ်အုပ်မှာ ပေါင် ၄၀၀၀ ပေး

mgyoe.com

m.gyoe.com SAMPLE BOOK


ရပြီး ပြတိုက်သို့ လှူဒါန်းထားခြင်းဖြစ်သည်ဟု ဆိုလေသည်။ 'Alice in Wonderland' စာအုပ်လက်ရေးမူကို အမေရိကန်ပြည်တွင် သွားတွေ့ရာ အမေရိကန်မှ ဒါနရှင်တစ်စုက ဒေါ်လာ ၈၀,၀၀၀ ပေးဝယ်ပြီး လှူဒါန်းထားလေသည်။

**ယဉ်ကျေးမှု၏**

ထို့နောက် ရှေးဟောင်းရာဇဝင်ပစ္စည်းများကို ကြည့်ကြလေသည်။ အီဂျစ်၊ ရောမ၊ ဆီးရီးယား၊ အိန္ဒိယ၊ တရုတ်တို့၏ ရှေးဟောင်းရာဇဝင်တို့သည် လွမ်းနေပေသည်။ ထိုနိုင်ငံတို့၏ ရာဇဝင်ပစ္စည်းများကိုကြည့်လျှင် သူတို့၏ သာသနာရေး အစွဲအလမ်း အယူအဆတို့သည် မည်မျှ ယဉ်ကျေးမှု အပေါ်တွင် ဩဇာသက်ရောက်နေသည်ကို သိနိုင်ပေသည်။ ယခုဘဝကို စွဲလမ်းပြီး သေခြင်းကို အကျယ်ချဲ့သော ဘာသာအယူဝါဒရှိသည့်သူတို့က သေသူအလောင်းကို အမြတ်တနိုး သိုလှောင်ကြ၏။ 'မံမီ' ဆိုသော နှစ်ရှည်ခံ အလောင်းကောင်များကို အများအပြား တွေ့ရ၏။

**တိရစ္ဆာန်ပင်လျှင်**

အလောင်းကောင်များကို မျှို၍ ရုပ်တုများလုပ်ထားရာ ထိုရုပ်တုတို့သည် ရှေးဟောင်းအနုပညာများကို ဖော်ပြနေကြ၏။ အီဂျစ်လူမျိုးတို့သည် ရှေးဘုရင်များကိုသာ 'မံမီ' လုပ်ထားကြသည်မဟုတ်၊ လူမျိုးစုံကို လုပ်ထားခဲ့ကြလေသည်။ အနိမ့်အမြင့်မရွေး တတ်နိုင်လျှင် တတ်နိုင်သလို လုပ်ကြလေသည်။ နှစ်သက်မြတ်နိုးစွာထားသော တိရစ္ဆာန်များ သေလျှင်လည်း အချို့သောသူတို့သည် မံမီ လုပ်ထားကြလေသည်။

**ကွဲလွဲသည့် အယူဝါဒ**

သူတို့နှင့် ဆန့်ကျင်ဘက်သဘောရှိသော အယူဝါဒကား ဟိန္ဒူဘာသာဖြစ်၏။ ယခုဘဝကို စွဲလမ်းမှုမရှိအောင် အားထုတ်သည်။ နောက်ဘဝတွေ ကောင်းဖို့ကို မျှော်မှန်းသည်။ သေခြင်းကို ရေးကြီးခွင့်ကျယ်မလုပ်။ ထိုသို့သောအယူဝါဒများ ရှေးဟောင်းဟိန္ဒူသမိုင်းပစ္စည်းများမှာ တွေ့နိုင်

m.gyoe.com

mgyoe.com SAMPLE BOOK


လေသည်။ ရောမနှင့် ခေါမတို့ကား ဤဘဝကို လွန်စွာမြတ်နိုး၏။ ပျော်ဖွယ်ကောင်းအောင် အားထုတ်၏။ လောကီစည်းစိမ်ကို ဖန်တီး၏။ ထိုသို့သော အယူဝါဒမျိုးကို သူတို့ထားခဲ့ကြသော ကျောက်ဖြူ ကြေးဝါ ရုပ်တုများမှာ ထင်ရှားစွာ တွေ့မြင်ရလေသည်။

## သဘာဝကျ တကယ်အလှ

မိန်းမ၊ ယောက်ျားတိုင်း ကိုယ်လုံးတီးရုပ်တုများမှာ တကယ်အချိုးကျလှပပေသည်။ ကိုယ်တုံးလုံးရုပ်တုများပင် ဖြစ်သော်လည်း ကာမဂုဏ် အလဇ္ဇီစိတ်တွေမဖြစ်ဘဲ သဘာဝအလှ၏ ချစ်သော်စိတ်ကိုသာ ပေါ်စေသောလက်ရာများဖြစ်၏။ ထိုရှေးဟောင်းခေတ်က ကိုယ်ကာယအလှနှင့် ကျန်းမာရေးအတွက် လေ့ကျင့်ခြင်းကို များစွာအားပေးသည်ဟု ဆိုပေသည်။

## အသူရာနှင့် သိကြား

အဆူးရီးယား ရှေးဟောင်းပစ္စည်းများအခန်းသို့ ရောက်သွားသောအခါ ဦးတက်ထွတ်က အဆူးရီးယားတို့ စစ်တိုက်နေကြသော ကျောက်ထွင်းပန်းချီကားများကို ပြလျက် "တို့ကျမ်းဂန်တွေထဲမှာပါတဲ့ အသူရာနှင့် သိကြားစစ်ခင်းကြတာ ဒါတွေနှင့်ပဲတူတယ်" ဟု ရယ်စရာလိုလိုနှင့် မှန်နိုင်သောအကြောင်းတစ်ခုကို ပြောလေသည်။ ဒဏ္ဍာရီပုံပြင်၊ နိပါတ်တို့သည် တကယ့်အဖြစ်အပျက်ကို စိတ်ကူးဉာဏ်ဖြင့် အဆန်းတကြယ် မွမ်းမံခြယ်လှယ်ကာဖော်ပြထားခြင်းဖြစ်သည်ဟုဆိုသော် မမှားချေ။ ရာဇဝင်သက်သေပစ္စည်းအခိုင်အလုံရှိသမျှအရဆိုသော် ကမ္ဘာပေါ်တွင် မြင်းစီး၍ စစ်တိုက်ခြင်းကိုပထမဆုံး သုံးသူမှာ အဆူးရီးယား (အသူရာ) တို့ဖြစ်လေသည်။

ဗြိတိသျှပြတိုက်ကြီးတွင် လူ့သမိုင်းလှေကားတွင် လှေကားအဆင့်အနည်းငယ်သာ တက်ရသေးသော လူမျိုးစု၏ အသုံးအဆောင် သမိုင်းပစ္စည်းများကိုလည်း ပြထားပေသည်။ ၎င်းတို့ အသက်မွေးဝမ်းကျောင်းမှုပြုလုပ်ရာ၌ သုံးစွဲသောလက်နက်ကိရိယာများ၊ ဝတ်ဆင်သောတန်ဆာများ၊ အယူဝါဒအစွဲအလမ်းနှင့်ပတ်သက်သော ပစ္စည်းများကို တွေ့ရပေသည်။ အာရှ၊ အာဖရိက၊ အမေရိကန်နှင့် ဩစတြေးလျမှ လူစုများစွာတို့၏ အကြောင်းထုပ္ပတ်တည်း။

mgyoe.com

m.gyoe.com SAMPLE BOOK


### မြန်မာ့ဂုဏ်

၂၀–၅–၅၆ နေ့တွင် ကျွန်တော်တို့သည် မြန်မာသံရုံးသို့ သွားကြလေသည်။ လန်ဒန်မြို့၏ ဗဟိုကျသော ရပ်ကွက်မှာဖြစ်ပြီး သိပ်မနဲ့သော အဆောက်အအုံဖြစ်၏။ အခြားနိုင်ငံကြီးများ၏ သံရုံးများနှင့်စာသော်ကား နုံ့သည်ဟုဆိုရမည်။ သို့သော် မြန်မာသံရုံးသည်လည်းကောင်း၊ မြန်မာပြည်သည်လည်းကောင်း လန်ဒန်မြို့တွင် မျက်နှာမငယ်ပါ။ အမှန်အားဖြင့် ဟိုဘက်သည်ဘက် 'အပိုး' များနေသော မိန်းမပျိုလေးနှင့်ပင် တူနေ၏။ မြန်မာနိုင်ငံ ပြည်သူလူထုနှင့် အစိုးရတို့၏ ဘယ်စစ်အုပ်စုတွင်မှ မပါဝင်ဘဲ လွတ်လပ်စွာငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ကြိုးပမ်းခြင်းသည် မြန်မာပြည်အား ဂုဏ်ရှိစေသောအကြောင်းပင် ဖြစ်၏။

### ထူးဆန်းပုံ

သံရုံးမှာ လုပ်စရာကိစ္စများ လုပ်ပြီးနောက် ဈေးလျှောက်ဝယ်ကြသည်။ ဆိုင်ကြီး ကနားကြီးများက ကြီးကျယ်လှပေ၏။ ဓာတ်လှေကားနှင့် အက်စ်ကာလိပ်တာခေါ် လှိမ့်လှေကားများ တပ်ထားသည်။

### ဈေး

ဘိလပ်သို့သွားကြမည်ဆိုကတည်းက လူတွေက ဟိုမှာသည်မှာ မှာကြသည်။ ကျွန်တော်တို့ကလည်း ဝယ်ခဲ့မည်ဟု ကတိပေးသည်။ အမှန်မှာ လန်ဒန်ဈေးသည် မသက်သာချေ။ ဘိလပ်လုပ် သွားတိုက်ဆေးဘူးပင်လျှင် မြန်မာပြည်မှာ ဝယ်ရတာထက် ဆယ်ပြား၊ ဆယ့်ငါးပြားလောက်သာ သက်သာသည်။ နိုင်လွန် ရှပ်အင်္ကျီတစ်ထည်ကို ၆၃ သျှီလင်၊ အိန္ဒိယပြည်လုပ် ဝမ်းဘဲတံဆိပ် မိုးကာအင်္ကျီမျိုး တစ်ထည်လျှင် ခြောက်ပေါင်၊ စွပ်ကျယ်တစ်ထည်လျှင် ခုနစ်သျှီလင် ခြောက်ပဲနိ၊ ဖဲထီးတစ်ချောင်း ၃၅ သျှီလင်၊ ခဲချောင်း အရှင်တပ် ခဲတံတစ်ချောင်း နှစ်သျှီလင် စသည်ဖြင့် ဖြစ်လေသည်။

### ကျောင်းသားတို့နှင့်

ညတွင် ကင်ဒါတန်မင်းသားဟိုတယ်မှာ မစားဘဲ အတော်အတန်

m.gyoe.com

mgyoe.com SAMPLE BOOK


စရိတ်သက်သာသောဆိုင်သို့ သွား၍စားကြလေသည်။ ထိုဆိုင်သို့ လန်ဒန်ဝါရင့်သူ ဦးတက်ထွတ်က ညွှန်ပြထားသည်။ ဟိုတယ် ညစာတစ်ယောက်အတွက် တစ်ပေါင် သုံးသျှိလင်မျှ ကျ၏။ ထိုဆိုင်မှာကား တစ်ယောက်ကိုးသျှိလင်မျှ ကုန်လေသည်။ ဟင်းတစ်ခွက် သီးမျိုးစုံတို့နှင့် စားရသည်။

ပညာတော်သင်ကျောင်းသားတွေနှင့် တွေ့ပြီး သူတို့နေထိုင်ရေး မေးကြည့်သောအခါ စားစရိတ် တစ်နေ့လုံး ငါးသျှိလင်ဟု တွက်ပြသည့်အခါ မည်မျှခြိုးခြံနေရပုံကို ခန့်မှန်းမိပေသည်။

## ကျန်ရစ်ခဲ့ပြီ

ထမင်းစားဆိုင်မှ ထွက်သောအခါ ကျွန်တော်တို့သည် ကြုံရာ ဘတ်စ်ကားပေါ်တက်ပြီး ပစ်ကာဒစ်လီအဝိုင်းကြီးသို့ သွားကြလေသည်။ ဘတ်စ်ကား တက်ရာ၌ နှောင်းသွားသော ခေါင်းဆောင် မန်းဘဆိုင်နှင့် ဦးဘဇန်တို့က ကျန်နေရစ်ခဲ့လေသည်။

## စည်ကားလှ၏

ပစ်ကာဒစ်လီကား အစည်ကားဆုံးသော ရပ်ကွက်ဖြစ်၏။ လျှပ်စစ်မီးပဒေသာတို့ဖြင့် အဆန်းတကြယ် ထွန်းထားရာ ရောင့်စုံလင်းနေသည်။ သို့သော် အနုပညာကို မတွေ့ရ။ ကုန်ရောင်းကြော်ငြာသက်သက်များကိုသာ တွေ့ရသည်။

လူတွေ စည်ကားလှပေသည်။ သို့သော် ကာလကတ္တား စသောကုလားပြည် မြို့ကြီးများမှာလို ဖရိုဖရဲ တိုးဝှေ့တိုက်ခိုက်သွားရအောင် စည်ကားခြင်းမျိုးမဟုတ်။ သူ့အတန်းနှင့်သူ၊ သူ့လမ်းနှင့်သူ သွားလာနေကြသောကြောင့် စနစ်ဇယားထဲ ဝင်နေသော စည်ကားခြင်းမျိုးဖြစ်သည်။ ဘတ်စ်ကားများနှင့် ပရိုက်ဗိတ်ကားများလည်း ထိုနည်းအတိုင်းပင် ဖြစ်၏။

## အချမ်းခိုင်လုံရန်

လန်ဒန်မြို့မှာ ကြော်ငြာမီးရောင်စုံ ထွန်းခြင်းမှအပ အမေရိကန်မဆန်ဘဲ သူ့ဟန်နှင့်သူ တည်နေသည်။ မိုးထိုးနေသော အဆောက်အအုံများမရှိ။

mgyoe.com

mgyoe.com SAMPLE BOOK


သုံးထပ်ကား အများဆုံးဖြစ်၍ အချို့မှာ ခုနစ်ထပ်၊ ရှစ်ထပ် ရှိကြသည်။ အဆင်အပြင်မပါ သေတ္တာကြီးမှောက်ထားသလို၊ သို့မဟုတ် ထောင်ထားသလိုမဟုတ်ဘဲ အနုပညာလက်ရာပါသော အဆောက်အအုံကြီးများကို တွေ့ရသည်။ သူတို့ အိမ်တိုင်း၊ အဆောက်အအုံတိုင်းလိုလိုမှာပင် မြေအောက်အခြေခံအထပ်တစ်ထပ် ရှိလေသည်။ အချမ်းလုံရန် ဖြစ်ဟန်ရှိ၏။

## မြေအောက်ရထား

ပစ်ကာဒစ်လီမှနေပြီး ကင်ဒါတန်မြို့သို့ မြေအောက်ဥမင်လိုဏ်ခေါင်းဓာတ်ရထားဖြင့် သွားရလေသည်။ ကျွန်တော် ဥမင်လိုဏ်ခေါင်းရထားကို ကြားရုံသာ ကြားဖူးသေးသည်။ တစ်ခါမျှ မတွေ့ဖူးသေး။ ပစ်ကာဒစ်လီမှာ လှည့်ပတ်ကြည့်နေစဉ် အောက်မှာ မြေအောက်ဘူတာကြီး ရှိနေလိမ့်မည်ဟု လုံးလုံးထင်မြင်၍မရချေ။ ရုတ်တရက် မသိသာ။ အပေါ်ယံအားဖြင့် မထင်ရှားသော အပေါက်ဝတစ်ခုမှ သာမန်လှေကားဖြင့် ဆင်းသွားရသည်။ မကြာမီ လျှပ်စစ်မီးတွေ၊ ကြော်ငြာပိုစတာတွေ၊ ကြော်ငြာပစ္စည်းအခင်းအကျင်းတွေဖြင့် မြိုင်လှသော မြေအောက်ဘူတာရုံသို့ ရောက်သွားလေသည်။ ကျင်းမှာ အဝိုင်းဖြစ်၏။ လက်မှတ်ရောင်းသောနေရာမှာ အလယ်တည့်တည့်မှာရှိ၏။ အချို့မှာ လူကရောင်းပြီး အချို့မှာ စက်ဖြင့်ရောင်းသော လက်မှတ်ရောင်းပေါက်များ ဖြစ်လေသည်။

## ဥမင်လှေကားမှ

ဘူတာမှနေပြီး ဥမင်လိုဏ်ခေါင်းတစ်ခုထဲ ဆင်းကြရသည်။ အကွေ့အကောက်များလှသည်။ နှစ်ကွေ့ သုံးကွေ့ ကွေ့မိသောအခါ အက်စ်ကာလိပ်တာခေါ် လိမ့်လှေကားကြီးပေါ် ခြေနင်းလိုက်ရသည်။ ယင်းသို့ ခြေနင်းမိသည်နှင့်တစ်ပြိုင်နက် မလှမ်းရတော့ချေ။ မတ်တတ်ရပ်လိုက်ရုံဖြင့် သူ့ဘာသာဆင်း၊ သူ့ဘာသာ တက်လေတော့သည်။

အတော်နက်အောင် ဆင်းမိသောအခါ ဓာတ်ရထားတွေကား ဥဒဟိုလာနေသဖြင့် ကြာရှည်မစောင့်ရချေ။ ဓာတ်ရထားဆိုက်သောအခါ စက္ကန့်အနည်းငယ်ကြာလျှင် ရထားတံခါးတို့သည် သူ့ဘာသာသူ ပွင့်လာကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ရထားပေါ်တက်မိပြီး ခုံမှာထိုင်မိသည်ဆိုလျှင်ပင် သူ့ဘာသာသူ တံခါးတွေပိတ်ကုန်ကြ၏။ ကျွန်တော်သည် ထိုင်ခုံမှာထိုင်ရင်း ဓာတ်တော်ကြီးထဲမှာ မဟောသဓ တူးသည်ဆိုသော ဥမင်လိုဏ်ခေါင်းကြီးကိုလည်းကောင်း၊ တံခါးတစ်ပေါက်ဖွင့်လျှင် တံခါး ၁၀၀၀ တစ်ပြိုင်နက်ပွင့်သည် ဟူသည်ကိုလည်းကောင်း စဉ်းစားတွေးတောကြည့်နေမိလေသည်။

လန်ဒန်မြို့ ဓာတ်ရထား၊ ဘတ်စ်ကားများမှာ အချိန်မှန်သည်၊ သန့်ရှင်းသည်၊ ထိုင်ခုံများမှာ အားလုံး အပျော့ခံများဖြစ်သည်။ အလုပ်သမားတို့သည် ဖျတ်ဖျတ်လတ်လတ်၊ ယဉ်ယဉ်ကျေးကျေးနှင့် နှစ်လိုဖွယ်ရှိလေသည်။

## တရားဝင်ညှိသည်

၂၁-၅-၅၇၊ အင်္ဂါနေ့ကား လန်ဒန်မြို့သို့ ကျွန်တော်တို့ တရားဝင်ရောက်သောနေ့ပေတည်း။ ဆိုလိုသည်မှာ ဗြိတိသျှအစိုးရ၏ ဧည့်သည်တော်များ ထိုနေ့မှစ၍ ဖြစ်လာကြလေသည်။ ထိုနေ့တွင် လန်ဒန်မြို့ဝယ် အကောင်းဆုံးဟုထင်ရှားသော ဒေါချက်စတာဟိုတယ်သို့ ပြောင်းရွှေ့ကြရမည်ဖြစ်လေသည်။

ကျွန်တော်တို့သည် ကင်ဒါတန်မင်းသားဟိုတယ်မှ ကုန်ကျစရိတ်များကို မြန်မာအစိုးရငွေဖြင့် ရှင်းပေးခဲ့ကြရ၏။ အခိုင်းအစေအမျိုးမျိုးတို့ကို ဆုလာဘ်များများချရ၏။ ဆုလာဘ်မချလျှင် ယဉ်ကျေးရာမရောက်ဟု ဆိုကြပေသည်။

## အရှိအသေတန်မည်

ကျွန်တော်တို့သည် အထုပ်အပိုးများနှင့်တကွ ဟိုတယ်အောက်ထပ်သို့ ဆင်းပြီး ဧည့်ခန်းထဲမှာထိုင်၍ လာရောက်ကြိုဆိုမည့် ဗြိတိသျှအစိုးရကိုယ်စားလှယ်ကို စောင့်ကြရလေသည်။ မြန်မာသံအမတ်ကြီး ဦးအောင်စိုး၊ ကောင်ဆယ်လာလူကြီး ဦးတင်မောင်ကြီးနှင့် ပထမအတွင်းဝန် ဦးမောင်ကလေးတို့သည်လည်း ကျွန်တော်တို့နှင့် အတူတူပင် စောင့်နေကြ၏။ ယင်းသို့စောင့်နေစဉ် ဦးတင်မောင်ကြီးက ကျွန်တော်တို့အား ဒေါချက်စတာဟိုတယ်မှာ ဘယ်ပုံဘယ်နည်း နေရထိုင်ရမည်ကို လမ်းညွှန်နေလေသည်။ ဒေါချက်စတာ
mgyoe.com

mgyoe.com SAMPLE BOOK


ဟိုတယ်မှာကား မင်းကြီး စိုးကြီး၊ မှူးကြီး မတ်ကြီးများ၊ သူဌေးကြီးများနှင့် အခြား ကြီးပေ့ဆိုသော အကြီးကြီးများ နေထိုင်တည်းခိုရာ ဖြစ်လေသည်။ အဆောင်အယောင်မှန်နှင့် ဓလေ့ထုံးစံနည်းမှန်များ ထွန်းကားနေသောနေရာများဖြစ်သည်။ အခန်းထဲမှာနေပေမဲ့ စွပ်ကျယ်နှင့် မနေသင့်။ အဝတ်လဲကိုယ်ရုံများ ဝတ်ထားအပ်သည်။ ထမင်းစားလျှင် ဖလုတ်ပလောင်းနှင့် မစားကောင်း၊ ဇွန်းခက်ရင်းသံ မဆူအောင် ဂရုပြု။ ညစာအဝတ်နှင့် ကြွပါလို့ ဖိတ်သော ညစာစားပွဲသို့ သွားလျှင် ညစာအဝတ် အင်္ကျီအနက်ကို ဝတ်ရမည်။ ထိုသို့သော နိုင်ငံကြီးသား လူယဉ်ကျေးမှုများ၏ အပြုအမူ၊ ဓလေ့ထုံးစံများကို မလိုက်နာလျှင် ကျွန်တော်တို့ကို အထင်သေးကုန်မည်။ ကျွန်တော်တို့အား အထင်သေးလျှင် မြန်မာပြည်ကို အထင်သေးမည်။ အရှိအသေတန်ကုန်မည်။

## မြန်မာဝတ်စုံဖြင့်

ထိုကိစ္စများကို အချီအချဆွေးနွေးကြသည်။ မြန်မာပြည်ကို နိုင်ငံခြားများက အထင်မသေး၊ လေးစားစရာ အရင်းခံတစ်ကြောင်းမှာ မြန်မာပြည်က အခြားနိုင်ငံများနှင့် လွတ်လပ်စွာ တန်းတူစွာ ဆက်ဆံရေးဝါဒနှင့် စစ်အုပ်စု ဆန့်ကျင်ရေးဝါဒများကို ခိုင်မာစွာ ကျင့်သုံးခြင်းဖြစ်သည်။ အခြားအကြောင်းများကား အပေါ်ယံဖြစ်သည်။ သို့သော် သူများနိုင်ငံသို့ ရောက်သောအခါ သူများဓလေ့ထုံးစံကို ဖြောင့်ဖြောင့်ဆန့်ကျင်ခြင်း မဖြစ်ဖို့လိုသည်။ အထိုက်အလျောက် ပြေပြစ်ဖို့လိုသည်။ ကျွန်တော်တို့သည် ထည်ထည်ဝါဝါ ခမ်းခမ်းနားနား ဝင်ဖို့လိုသောနေရာများ၌ မြန်မာလိုဝတ်ပြီးတက်ရန်၊ အဆောင်အယောင်နှင့် တက်ရမည့်အခါ၌ မြန်မာခေါင်းပေါင်း ပေါင်းတက်ရန် ဆုံးဖြတ်ကြလေသည်။

## ပြင်ဆင်စရာမရှိ

၁၂ နာရီထိုးသောအခါ ဂျင်နရယ်ဒီဖော်လိန်းဆိုသူ ရောက်လာ၏။ သူကား ပါလီမန်အချင်းချင်း ဆက်သွယ်ရေးအဖွဲ့၏ အမြဲတမ်းအတွင်းရေးမှူးဖြစ်၏။ သူသည် ဒီဝီဇံစစ်တပ်တစ်တပ်ကို အုပ်ချုပ်ရသော စစ်ဗိုလ်ချုပ်

SAMPLE BOOK

တစ်ဦးပင်ဖြစ်သည်။ သူက ကျွန်တော်တို့အား ဗြိတိသျှပါလီမန်နှင့် ဗြိတိသျှ အစိုးရကိုယ်စား လာရောက်ကြိုဆိုပါကြောင်း၊ ယနေ့မှစပြီး အစိုးရဧည့်သည် တော်များ ဖြစ်ပြီဖြစ်ကြောင်း၊ ၁၀ ရက်အတွင်း သွားလာလှည့်ပတ် ကြည့်ရှု စရာများအကြောင်း ရှင်းလင်းပြလေသည်။ အစီအစဉ်တွင် မပါတာကို ကြည့် လိုလျှင် သူ့အား ပြောပြစေလိုကြောင်း၊ ပြင်ဆင်လိုလျှင်လည်း ပြင်ဆင်နိုင် ကြောင်း၊ သို့သော် ဦးတင်မောင်ကြီးထံမှ သိရသလောက်ဆိုသော် ပြင်ဆင် စရာရှိမည် မထင်ပါကြောင်းဖြင့် ရှင်းလင်းပြောပြလေသည်။

## နတ်လမ်းညွှန်

ထို့နောက် ဒေါ်ချက်စတာဟိုတယ်သို့ သွားကြလေသည်။ အပြင်က ကြည့်သော် သာမန်အခြားအဆောက်အအုံများထက် များစွာထူးခြားချက်မရှိ။ သို့သော် ဂကားထိုးဆိုက်လိုက်သည်ဆိုလျှင် ထူးခြားခြင်းကို တွေ့ရလေသည်။

ကတ္တီပါစိမ်းဝတ်စုံ ရွှေနားကွပ်များ၊ ရွှေချည်ကြိုးခွေများနှင့် ဝတ်ဆင် ထားသော တံခါးမှူးများ ဆီးကြိုပြီး မော်တော်ကားတံခါးကို ဖွင့်ပေးလေ သည်။ ဟိုတယ်၏ ဆုံလည်မှန်တံခါးကို တံခါးမှူးတစ်ယောက်က လှည့် ပေးနေရာ ကျွန်တော်တို့က အလိုက်သင့် ဝင်ကြရသည်။ သက္ကလတ်ပြာ ကိုယ်ကျပ်ဝတ်ရုံစုံ ရွှေကြယ်သီးတပ်၊ ရွှေနားကွပ် သက္ကလတ်ပြာ သံပရာခွံ ဦးထုပ် စသည်တို့ကို ဝတ်ဆင်ထားသော ချစ်စရာသူငယ်ကလေးတွေက ကျွန်တော်တို့အထုပ်များကို သယ်ယူပို့ဆောင်ကြလေသည်။ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုသလို အခမ်းအနား အဆောင်အယောင်နှင့် ညီညွတ်စွာ ဝတ်ဆင်ထားသော 'ဝါးလက်' ခေါ် လက်သုံးတော်များက တံခါးသော့များ ဆီးပေးကြသည်၊ ဓာတ်လှေကားဖြင့် ချီမ,၍ ပေးကြသည်။ ကျွန်တော်တို့၏ အသီးသီးသော အခန်းများကိုဖွင့်ကာ ခါးညွှတ်၍ နတ်လမ်းညွှန်ကြသည်။

## ပီတိဖြစ်စရာပင်

နေ့ခင်းကြောင်တောင်ဖြစ်သော်လည်း ဟိုတယ်တွင်းမှာ မီးထွန်းထား ရသည်။ စင်္ကြံတစ်ခုလုံး နံရံကပ်မီးများ ထွန်းထားရသည်။ စင်္ကြံတစ်လျှောက် လုံး ကော်ဇောများ ခင်းထားရသည်။ ကော်ဇောပေါ်မှ ငါးကြင်းကွက်ဆင်

mgyoe.com

mgyoe.com


များမှာ ကြက်ဥအနှစ်ရောင် နံရံကပ်များနှင့် ပန်းစားလှပေသည်။

အခန်းထဲသို့ ရောက်ကြလေပြီ။

ဆင်စွယ်ရောင် ခုတင်နှစ်လုံးရှိသော အခန်းများမှာ ကျွန်တော် နေရသောအခန်းဖြစ်သည်။ ဆင်စွယ်ရောင် သစ်သားပြားများ၊ ဘောင်များပေါ်တွင် သစ်သား၏အပွေးများသည် တရေးရေး လှိုင်းထနေကြ၏။ မှန်ဗီရိုနှစ်လုံး၊ မှန်တင်ခုံ၊ စားပွဲ၊ ရေချိုးခန်းမှန် စသည်ဖြင့် မှန်တွေများလှပေရာ ကြည့်လိုက်တိုင်း ကိုယ့်ရုပ်မြင်ပြီး ပီတိဖြစ်နေစရာပင်တည်း။

**ဦးနုလည်း တည်းခိုဖူး၏**

ဒေါ်ချက်စတာဟိုတယ်ကား လူတစ်ယောက်ကို တစ်သွေးတစ်မွေး ဖြစ်အောင် တဆောင်တယောင် တခမ်းတနားဖြင့်ထားသော ဟိုတယ်ပေတည်း။

ဒေါ်ချက်စတာဟိုတယ်နှင့် စာတိုက်ကြားလောက်တွင် ဂရိုဗီနာစံအိမ်တော်တည်ရှိလေ၏။ ထိုစံအိမ်တော်ကား ကင်းဝန်မင်းကြီး ဘိလပ်လာတုန်းက တည်းခိုရသော စံအိမ်တော်ဖြစ်၏။ ဟိုစဉ် ရှေးသရောအခါတုန်းက အသားနား အခံ့ညားဆုံးသော ဟိုတယ် ဖြစ်ခဲ့လေသည်။ ဝန်ကြီးချုပ် ဦးနုတို့လည်း ထိုစံအိမ်တော်မှာ တည်းခိုဖူးသည်ဟု ဆိုလေသည်။

**ထူးခြားသော မြန်မာအဝတ်**

ဒေါ်ချက်စတာသို့ ပြောင်းရွှေ့ခဲ့ရသော ထိုနေ့ညတွင် ဗြိတိသျှပါလီမန်၏ ကမ္ဘာ့ပါလီမန်များ သမဂ္ဂအဖွဲ့ခွဲ သဘာပတိက ကျွန်တော်တို့အား ကြိုဆိုဧည့်ခံသောအားဖြင့် ညစာစားပွဲ တည်ခင်းလေသည်။ ထိုညစာစားပွဲမှာ အဆောင်အယောင်အပြည့်နှင့် တက်ရန်လိုသော ထမင်းစားပွဲ မဟုတ်ချေ။ ထို့ကြောင့် ကျွန်တော်တို့သည် ခေါင်းပေါင်းမပါဘဲ တက်ကြ၏။ မြန်မာလို ဝတ်ဆင်ထားသဖြင့်ကား ထူးခြားနေပေသည်။

ဒေါ်ချက်စတာဟိုတယ်၏ 'ဒီ' အခန်းမှာ ကျင်းပလေသည်။ ကျွန်တော်တို့ပါ အားလုံး ၁၅ ယောက်မျှ ရှိမည်ဟုထင်သည်။ ကမ္ဘာ့ပါလီမန် သမဂ္ဂအမှုဆောင်များဖြစ်သော ဗြိတိသျှပါလီမန်အမတ်များနှင့် တွေ့ဆုံမိတ်ဖွဲ့ကြရလေသည်။ ကွန်ဆာဗေးတစ် ပါတီဝင်နှင့် လေဘာပါတီဝင် တစ်ဝက်စီလောက် ပါဝင်သည်။

mgyoe.com

mg SAMPLE BOOK

## မြန်မာစကားပြောသည့် ဗိုလ်

မြန်မာပြည် ဘီအိုစီတွင် မန်နေဂျာတစ်ဦးအနေနှင့်လည်းကောင်း၊ အရေးပိုင်အဖြစ်နှင့်လည်းကောင်း ထမ်းရွက်ခဲ့ဖူးသော မစ္စတာအမ်းစ် ထရောင်းဆိုသော ကွဲန်ဆာဗေးတစ်ပါလီမန်အမတ်ကို တွေ့ရသည်။ သူကား မြန်မာလို ကြိုးစား၍ပြော၏။ ပိန်ပိန်ရှည်ရှည် ကိုယ်ခန္ဓာဖြင့် ရိုးရိုးအေးအေး နေတတ်သော နောက်တန်းအမတ် ဖြစ်ပုံဟန်တူသည်။ နိုင်ငံရေးစကားလည်း သိပ်မပြော။ လူတွေအကြောင်း၊ ရာသီဥတုအကြောင်း စသည်များကိုသာ များများပြောတတ်သည်။ ကျွန်တော်တို့နှင့် ရင်းနှီးသောအခါ သူ ဘယ်လို လုပ်ပြီး နိုင်ငံရေးထဲရောက်ခဲ့ကာ အမတ်ဖြစ်လာသနည်းဟုမေးရာ "တကယ် တော့ ကျွန်တော်တို့အဖေက ဒီနယ်က အမတ်ဖြစ်ခဲ့တော့ ကျွန်တော် ဆက် ဖြစ်ခဲ့တာပါပဲ" ဟု ရိုးရိုးပင် ဖြေလိုက်လေသည်။ အင်္ဂလိပ်မဲဆန္ဒရှင်များမှာ အစွဲကြီးလှသူများပါပေတည်း။

## မြန်မာနှင့် ရင်းနှီးသူများ

မြန်မာပြည် 'လွတ်လပ်ရေး' ဆွေးနွေးပွဲများနှင့်ပတ်သက်ပြီး မြန်မာ တို့နှင့် ရင်းနှီးခဲ့သူ လော့ဒ်လစ္စတိုဝယ်လီနှင့်လည်း တွေ့ရသည်။ သူကား ခပ်ရှည်ရှည်၊ ခပ်ပိန်ပိန်၊ ဆံပင်ကျဲကျဲ၊ ထိပ်မပြောင်တပြောင်၊ မျက်မှန်ထူထူ နှင့်ဖြစ်ပြီး ပြောဟန်ဆိုဟန်နှင့် မူရာတို့မှာ နိုင်ငံရေးသမားနှင့် မတူလှ။ တက္ကသိုလ်ဆရာတစ်ဦးနှင့်သာ ပိုတူလေသည်။

## မြေပိုင်ရှင်ကြီး

ကမ္ဘာ့ပါလီမန်များသမဂ္ဂ၏ ဗြိတိသျှပါလီမန်အဖွဲ့ခွဲမှ ဥက္ကဋ္ဌလုပ်သူ မှာ ကွန်ဆာဗေးတစ်ပါတီမှ အမတ်ဖြစ်သည်။ သူကား အရပ်အမောင်း ကောင်းပြီး ခံ့ညားသောမျက်နှာနှင့် သန့်ပြန့်သော လူရည် ရှိလေသည်။ သူကိုယ်တိုင် ပြောပြချက်အရ သိရသည်မှာ သူသည် မြေဧက ၈၀၀ မျှပိုင်ပြီး ၎င်းတို့အနက် ၁၈၀ မှာ သစ်တောများဖြစ်သည်။ ဧက ၁၀၀ လောက်မှာ ဥယျာဉ်ဖြစ်ပြီး ကျန်ဧကများမှာ မြက်ခင်းများဖြစ်၏။ မြက်ခင်းများတွင် နွားများ မွေးမြူထားလေသည်။ ၎င်းအပြင် စက်ရုံတစ်ရုံလည်း ပိုင်သေးသည်။

mgyoe.com

mgyoe.com SAMPLE BOOK


ဟု ဆို၏။ ဘာစက်ရုံမှန်းတော့ မသိလိုက်ချေ။ သူက ကျွန်တော်တို့အား ကြိုဆိုစကားပြောသည်။ ကြိုဆိုစကားပြောရင်း ကျွန်တော် လည်ပတ်ရန် အတွက် အစီအစဉ်များကို ရှင်းလင်းပြောပြလေသည်။

**ပန်းမန်ပါရဂူ**

သူနှင့် သူ့ဇနီးသည် ဥယျာဉ်ပန်းမန် စိုက်ပျိုးရေးကိစ္စ၌ များစွာစိတ်ဝင်စားကြသည်။ သူ့ဇနီးသည် ပန်းမန်စိုက်ပျိုးခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းအတွက် ဘွဲ့တစ်ခုရထားသူဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့အား မနက်ဖြန်တွင် ပန်းပြပွဲသို့ သွားဖြစ်အောင် သွား၍ ကြည့်စေချင်ကြောင်း ပြောပြလေသည်။

**အတိတ်မှ**

သူပြောပြီးသောအခါ ကျွန်တော်တို့အဖွဲ့ခေါင်းဆောင် မန်းဘဆိုင်က ဗြိတိန်သို့ရောက်ရှိရ၍ ဝမ်းသာကြောင်း၊ ကြည့်ရှုမည် လေ့လာမည်ဖြစ်ကြောင်းများကို ပြောပြလေသည်။

ဤထမင်းစားပွဲတွင် ဗြိတိသျှဘက်က တော်တော်များများ ပြောကြ၏။ လော့ဒ်လစ္စတိုဝယ်လည်း ပြောရ၏။ သူကတော့ မြန်မာပြည်နှင့် ရင်းနှီးစွာ ဆက်သွယ်ရပုံတွေကို အတိတ်ဆောင်လေသည်။

**သတင်းပေးသလို**

ဥက္ကဋ္ဌလုပ်သူက ကျွန်တော့်အားလည်း အပြောခိုင်းလေသည်။ ကျွန်တော်ကား စကားပြောရန် မျှော်လင့်မထားချေ။ ထို့ကြောင့် လက်တန်းထပြောရ၏။ လန်ဒန်မြို့သို့ ရောက်ရောက်ချင်း ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ရာဒဏ်ချက်များကို တွေ့မြင်နေရသေးသဖြင့် အံ့သြကြောင်း၊ ငြိမ်းချမ်းရေးသည် မည်မျှလိုအပ်ပုံ သတိပေးနေသလိုဖြစ်ကြောင်း။

**ချစ်ကြည်ရေးအတွက်**

ဗြိတိသျှပြတိုက်ကြီး ရောက်သွားသောအခါ ကမ္ဘာ့အရပ်ရပ်မှ ယဉ်ကျေးမှုနှင့် ရာဇဝင်ပစ္စည်းများကို ထိန်းသိမ်းထားသည်ကို တွေ့မြင်ခဲ့

mgyoe.com

m gyoe.com  SAMPLE BOOK 

ရပုံ၊ ဒုတိယကမ္ဘာစစ်အတွင်း လန်ဒန်မြို့ကို ဗုံးကြဲနေစဉ် ထိုပစ္စည်းများကို မထိခိုက်ရအောင် မည်မျှဒုက္ခခံ၍ သိမ်းဆည်းထားကြောင်း သိခဲ့ရပုံ၊ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်ရုံသာမက တိုးတက်ကြီးပွားရန်အတွက် စစ်နောက်ထပ်တစ်ဖန် မဖြစ်အောင် ထိန်းသိမ်းဖို့ မည်မျှအရေးကြီးပုံ၊ မြန်မာပြည်သူနှင့် အစိုးရသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူငါးချက်အရ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေကြောင်း၊ ယခု ကျွန်တော်တို့ ဗြိတိန်သို့လာကြခြင်းမှာလည်း ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာ ချစ်ကြည်ရေးအတွက်သာ ဖြစ်ပါကြောင်းနှင့် ပြောလိုက်ရလေသည်။

**စက်ပိုင်ရှင်ပါပဲ**

ထမင်းစားပွဲတွင် ကျွန်တော့်ဘေးနှစ်ဖက်၌ လေဘာအမတ်နှင့် ကွန်ဆာဗေးတစ်အမတ်များ ရှိလေသည်။ သူတို့အား ကျွန်တော်က ကုန်ဈေးနှုန်းများ ကြီးပုံကို ပြောပြရာ လေဘာအမတ်က ခနရှင် ကွန်ဆာဗေးတစ်များကြောင့် ဈေးတက်ပါသည်ဟု ဆိုလေသည်။ ထိုအခါ ကွန်ဆာဗေးတစ်အမတ်မှာ ဈေးကြီးသည်ဆိုတာ မယုံနိုင်လောက်အောင် ဖြစ်နေသည်။ ဆိုင်အဝယ်မှားနေလို့ ဖြစ်နေမည်။ နောက်တစ်ခါ ဈေးဝယ်ထွက်လျှင် သူလိုက်ပို့မည် စသည်ဖြင့် ပြောပြလေသည်။ ထိုကွန်ဆာဗေးတစ်အမတ်မှာ အထည်အလိပ်စက်ရုံပိုင်ရှင်ဖြစ်သည်ဟု ပြောပြလေသည်။

**အလံထူသွား၏**

ထိုညတွင် ထိုထမင်းစားပွဲဖြင့် နောက်ကိုးရက်၏ အစီအစဉ်များကို ပဏာမ ပျိုးလိုက်လေသည်။

၂၂-၅-၅၇ နံနက်မှာ မသာယာပါ။ မိုးကအုံ့ပြီး လေအေးတိုက်ခတ်လျက်ရှိလေသည်။ ကျွန်တော်တို့အား မင်းကြီးစိုးကြီးများ အခမ်းအနားနှင့်ထွက်သောအခါစီးသည့် ဒိန်းမလားကားကြီးနှစ်စီးဖြင့် ချယ်လ်စီရပ်ကွက်သို့ခေါ်လေသည်။ ကားတွင် မြန်မာအလံ ထူထား၏။

လန်ဒန်မြို့မှာ ဥယျာဉ်အများဆုံးသောမြို့ ဖြစ်ပေ၏။ မြို့နေလူဦးရေကိုးသန်းမျှရှိပြီး အိမ်ခြေများသော်လည်း ကွက်ကျားကွက်ကျားတွင် သက်ကြီး

mgyoe.com